

# လူမုဆိုး ကျားဘီလူး နှင့် တောကြီးမာယာဝတ္ထုတိုများ

ဖိုးကျော့

လူမှုဆိုး ကျားဘီလူးနှင့် တောကြီးမာယာဝတ္ထုတိုများ
ဖိုးကျော့

## ဖွတ်ထွက်မလာသော တောင်ပို့

"တို့ ဖွတ်ကြီးတစ်ကောင် တွေ့လာခဲ့တယ် ဗျို့"

ကျွန်တော်တို့ ကျောက်ဒိုးပစ်နေရာသို့ ရေးကြီးသုတ်ပျာ ရောက်လာကြသော လှမြင့်နှင့် ငပိန်တို့က ပြောသည်။

"ဟေ့, ဘယ်မှာလဲကွ"

ကျောက်ဒိုးပစ်နေကြသူ ကျောင်းသားအားလုံးက စိတ်ဝင်တစား ဖြစ်သွားကြသည်။

"သရက်ကုန်းမှာဗျ၊ နည်းတဲ့ဖွတ်ကြီး မဟုတ်ဘူး၊ ကျုပ်တို့ကိုမြင်တော့ ဖွတ်ကြီးက ပြူးပြူးကြီး ကြည့်နေတာဗျ"

အမှန်မှာ ဖွတ်သည် လူကိုတွေ့လျှင် ရုတ်တရက် မှင်တက်မိ ကြောင်နေတတ်သည်။

ဖွတ်မေ့ ပုတတ်မေ့ ဖြစ်နေသည်ကို မပြောတတ်သော ငပိန်က ပြူးပြူးကြီးဟု ဆို၏။

"ဖွတ်က တော်တော်ကြီးလားကွ"

"တစ်လန်လောက် ရှည်တယ်ဗျ၊ နည်းတဲ့ကောင်ကြီး မဟုတ်ဘူး၊ သုံးပိဿာလောက် ရှိမယ်"

ကျောင်းသားကြီး ကောင်းကျော် မေးသည်ကို လှမြင့်က စကားကြီးတတ်

သူပီပီ ပို၍ပြောလိုက်၏။

"တို့ သွားလိုက်ရအောင်ကွာ၊ ဘုန်းကြီးလဲမရှိဘူး၊ ညနေ ချက်စားရ အဝ ပဲ"

ဘုန်းကြီးမှာ ရှင်ပြုပွဲတစ်ခု သွားနေသဖြင့် တစ်ည,နှစ်ညအိပ် ကြာမည်။ ထို့ကြောင့် ကောင်းကျော်၏ စကားကို အားလုံး သဘောတူလိုက်ကြပြီး လှမြင့်နှင့်ငပိန်တို့ တွေ့လာခဲ့ကြသော သရက်ကုန်းက ဖွတ်ကြီးကို လိုက်ရန် ကျွန်တော်တို့ ကျောင်းသား လေးငါးယောက် သရက်ကုန်းသို့ ထွက်လာကြလေသည်။

***

သရက်ကုန်းမှာ ရွာနှင့် ဘုန်းကြီးကျောင်းကြားတွင် ရှိသဖြင့် ဆယ်မိနစ်အတွင်းမှာပင် သရက်ကုန်းသို့ ရောက်လာကြ၏။

သရက်တောထဲတွင် ငပိန်နှင့်လှမြင့်တို့ တွေ့ခဲ့ကြသည်ဆိုသော ဖွတ်ကြီးကို ကျွန်တော်တို့ လေးငါးခြောက်ယောက် ပိုက်စိပ်တိုက်ရှာဖွေကြသည်။

ပထမ ငပိန်နှင့် လှမြင့်တို့ တွေ့ ခဲ့ကြသည်ဆိုသော သရက်ပင်တွင်လည်း ဖွတ်ကြီးကို မတွေ့။ သရက်ပင်ပေါ်တွင် ပုတ်သင်တွေကိုသာ တွေ့ရသဖြင့် နောက်နောက် ပြောင်ပြောင် ပြောဆိုတတ်သော မြဒင်က

"ဟေ့ကောင်, ငပိန်၊ မင်းတို့မြင်ခဲ့တာ ဖွတ်မှဟုတ်ရဲ့လားကွာ၊ ပုတ်သင်ညိုကြီးတွေကို မြင်လို့လန့်ပြီး ပြောတာလား"

"ရှီးတဲ့မှဟုတ်မလားကွ၊ ငါတို့ သေသေချာချာ တွေ့ခဲ့ပါတယ်ဆို"

ငပိန်နှင့်အတူ လာပြောသူ လှမြင့်က မခံနိုင်၍ ပြန်အော်၏။

"မင်းတို့ ဘယ်မှာမြင်ခဲ့လဲ"

"ဒီသရက်ပင်ကြီး ဟိုဘက်က ကိုင်းမှာ လေခံနေတာ"

လမ်းပေါ် မိုးနေသော သရက်ကိုင်းကို လှမြင့်က လက်ညှိုးထိုးပြ၍ ပြော၏။ အားလုံး၏ မျက်လုံးများက သရက်ပင်ကြီး တစ်ပင်လုံး၏ ကိုင်းခက်အရွက်မကျန် ဝိုင်းကြည့်ကြသည်။ ခဲတွေ တုတ်တွေနှင့် ခြောက်လှန့်၍လည်း ဟိုပစ်သည်ပစ် ပစ်ခတ်ကြသည်။

သို့သော် ပုတ်သင်ညိုတွေ ကျီးကန်းတွေသာ လန့်ပြေးကြသည်။ ဖွတ်ကြီးကိုကား လုံးဝ မတွေ့ရပေ။

"တကယ်လို့ မင်းတို့ အမှန်တကယ် တွေ့ခဲ့တယ်ဆိုရင် ဒီသရက်အုပ်ထဲက တစ်ပင်ပင်မှာတော့ မုချရှိမှာပဲကွ၊ ငနီ မင်းတို့အိမ်က ခွေး ဘိုကျားသွားခေါ်ကွာ၊ ဒီခွေးနဲ့ရှာရင် ဘယ်မှ ပြေးမလွတ်နိုင်ဘူး"

"ဟုတ်တယ်ကွ၊ ငနီတို့အိမ်ကဘိုကျားက သိပ်တောကောင်းတာ ဂျီ(ချေ)တွေ ဝက်တွေတောင် သူ့လက်က ပြေးမလွတ်ဘူး၊ သွားခေါ်၊ သွားခေါ်ကွာ မြန်မြန်လုပ်ကွ"

ကျောင်းသားကြီးလည်းဖြစ် ခေါင်းဆောင်လည်း ဖြစ်သော ကောင်းကျော်၏ စကားကို မြဒင်ကလည်း ထောက်ခံသည်။ ထိုအခါ ကျွန်တော့်မှာ မနေသာတော့၊ အိမ်ကခွေး ဘိုကျားကို ခေါ်ရန်အိမ်သို့ အမြန်ပြေးရသည်။

ခွေးဘိုကျားမှာ တောကောင်းသည်ဟု ရွာ၌နာမည်ကြီး၏။ တောကောင်းသည် ဆိုခြင်းမှာ အမဲလိုက်ကောင်းခြင်းပင် ဖြစ်၏။ သို့သော် အမြဲတမ်းကား အမဲမလိုက်ရ။ တောကောင်းသည်ဟု ဆိုသော်လည်း အဖေ မကြိုက်၍ ဖြစ်သည်။

မုဆိုးတွေက ခွေးဘိုကျားကို စပါး ၁၅ဝတင်း ပေး၍ပင် ဝယ်ကြ၏။ သို့သော် အဖေက မရောင်း။ အဖေမှာ ဘုန်းကြီး လူထွက်ပီပီ မုဆိုးတံငါအလုပ်ဟု တောလိုက်ခြင်းအလုပ်ကို အားမပေး၊ အကုသိုလ်အလုပ်ဟု ဆိုသည်။ ဘိုကျားပါ ငရဲကြီးမည်ဟု ပြောသည်။

"ခွေးကောင်းတစ်ကောင်တော့ ငနီအဖေဆီရောက်တာ ဆုံးတာပဲ" ဟု ရွာမုဆိုးတွေက တက်

တခေါက်ခေါက် အားကျကြသည်။

အဖေ မရှိချိန်ဆိုလျှင် ကျွန်တော်တို့ ညီအစ်ကိုတွေနှင့် ပေါင်း၍ ဘိုကျားကို တိတ်တိတ်ပုန်း တောလိုက်ခေါ်ကြလေသည်။ ဘိုကျားပါတိုင်း အမဲကောင်ရသဖြင့် ရွာမုဆိုးတွေက ဘိုကျားကို အလွန် မျက်စိကျနေကြသည်။

ဤသည်ကို သိသော အဖေသည် နောက်တော့ ဘိုကျားကို သူသွားလေရာ ခေါ်သွားလေ့ရှိလေသည်။

ဤနေ့တွင်တော့ သားကြီးငါးကြီး လိုက်ရန်မဟုတ်ဘဲ ဖွတ်ပုတတ်လိုက်ရန် ခဏတစ်ဖြုတ်သာ ဖြစ်သဖြင့် ခွေးဘိုကျားကို ကျွန်တော်က အဖေ မရိပ်မိလေအောင် မသိမသာ လှည့်ထုတ်လာခဲ့လေသည်။

ခွေးဘိုကျားကို သရက်အုပ်ထဲသို့ သွင်းလိုက်ကြသည်။ ကျွန်တော်တို့ကလည်း ခွေးဘိုကျား၏ အရိပ်အခြည်ကို ကြည့်ပြီး ဟိုအပင်, သည်အပင် ဟိုချုံ,သည်ချုံ ကြည့်ကြသည်။ ကျွန်တော့်မှာ ခွေးရှင်ဖြစ်သဖြင့် ဘိုကျား၏ အခြေအနေကို ပို၍ အကဲခတ်လေ့လာရသည်။

"ဝုတ်"

"ဝုတ်"

မိနစ်ပိုင်း၌ပင် ခွေးဘိုကျားက အသံပေးတော့သည်။

ကျွန်တော်တို့အားလုံးသည် ခွေးဘိုကျား ဟောင်နေရာသို့ ချက်ချင်း ပြေးရောက်သွားကြလေသည်။

ခွေးဘိုကျား ဟောင်သံပေးနေသော နေရာမှာ တောင်ပို့တစ်ခု အောက်ရှိ ကျင်းခေါင်း တစ်ခေါင်းကို ဖြစ်လေသည်။

တောင်ပို့မှာ လူတစ်ရပ်ခန့်မျှသာ အမြင့်ရှိပြီး တောင်ပို့ပေါ်တွင် သရက်ပင်ပျို တစ်ရှိသည်။ ထိုတောင်ပို့အောက်ရှိ ကျင်းလေခင်းဝကို ခွေးဘိုကျားက နှုတ်သီးနှင့်တေ့၍ အနံ့ခံကာ ဟောင်နေလေပြီ။

"အေး, ဟုတ်ပြီဟ၊ ဖွတ်က လူသံကြားလို့ ဒီအခေါင်းထဲ ဝင်ပုန်းနေတာ ဖြစ်ရမယ်၊ မင်းတို့ကို

ငါမပြောဘူးလား ဖွတ်မှ ဖွတ်ပါဆို၊ ကဲ, ခုတော့ တွေ့ပြီ"

"အေးကွ, ဟုတ်ပါပြီ-ဖွတ်က ဒီကျင်းခေါင်းထဲမှာ ဝင်ပုန်းနေတာ အမှန်ပဲ"

ငပိန်၏စကားကို ကောင်းကျော်ကလည်း ထောက်ခံသည်။ သူတို့ ပြောသည်မှာ ယုတ္တိရှိသဖြင့်

အားလုံး ယုံကြည်ကြသည်။

"ဒီအခေါင်းထဲ ဖွတ်ရှိတာတော့ အမှန်ပဲ၊ အဲဒီတော့ ဘယ်လိုလုပ်ကြကောင်းမလဲ"

မြဒင်က အကြံဉာဏ်တောင်းသလို ပြောသည်။

"အခေါင်းထဲ မီးခိုးတွေဝင်ရင် ဖွတ်တော့ ထွက်လာမှာပဲ၊ အဲဒီတော့ အခေါင်းကျင်းဝကို မီးရှို့ကြရအောင်"

"ဟုတ်တယ်ဟေ့.. သစ်ရွက်ခြောက်တွေ ကောက်ရိုးတွေရှာကြကွ"

ခွေးဘိုကျားကလဲ တဝုတ်ဝုတ် ဟောင်နေတုန်းပင် ရှိသေးရာ ကျွန်တော်တို့ မီးရှို့၍ ဖွတ်ထွက်လာလျှင် ခွေးဘိုကျားကလည်း ပြေးကိုက်မည်ဖြစ်ရာ အခေါင်းထဲကို မီးရှို့ကြသည်။ မီးရှို့ကြသည်မှာ နာရီဝက်သာသာ ကြာသွားသည်။

ဖွတ်ကား ဘယ်လိုမှ ထွက်မလာသေး။

ကောက်ရိုးတွေကလည်း ကုန်လုပြီ။ အနီးအနားတွင် သစ်ရွက်ခြောက်

တွေလည်း ရှင်းသွားပြီ။

"ကဲ, ဘယ်လို လုပ်ကြမလဲ၊ ဖွတ်တော့ ထွက်မလာသေးဘူး၊ ဒီ အခေါင်းထဲ ဖွတ်ရှိတာတော့ အမှန်ပဲကွ"

"ဟုတ်တာပေါ့ကွ၊ ခွေးဘိုကျားက ဖွတ် ရှိလို့ ဟောင်တာပေါ့"

"ကဲ, ဒီတော့ ဒီအခေါင်းထဲ တစ်ယောက်ယောက်ဝင်ကွာ"

"မီးခိုးတွေနဲ့ဆိုတော့ ဝင်ဖို့မလွယ်ဘူး၊ မီးခိုးတွေကို အရင် ယပ်ထုတ်ရမယ်ကွာ"

ပုဆိုးတွေကိုချွတ်၍ မီးခိုးတွေကို ယပ်ထုတ်ကြသည်။

"ကဲ, မြဒင် မင်းဝင်ကွာ"

မြဒင်ကလည်း မဆိုင်းမတွပင် တောင်ပို့ခေါင်းထဲ လေးဖက်ကုန်း ဝင်သွား၏။ အားလုံးက မြဒင်ကို ဝိုင်းကြည့်နေကြသည်။

"ဟဲ့ကောင်တွေ.. ငါ့ကိုယ် မဆံ့ဘူးကွ၊ အခေါင်းက အထဲမှာ ကျဉ်းကျဉ်းလေးရယ်"

မြဒင်က ပြောပြောဆိုဆိုနှင့် ပြန်ထွက်လာ၏။

"ကဲ, ငပိန်၊ ဒီအထဲမှာ မင်း ကိုယ်အသေးဆုံး၊ မင်း ဝင်ကွာ"

အမှန်လည်း ဟုတ်သည်။

ငပိန်မှာ နံရိုးအပြိုင်းသားနှင့် ကျွန်တော်တို့ထဲတွင် ကိုယ်လုံး အသေးဆုံး ဖြစ်သည်။

ငပိန် ဝင်သွားသည်။

"ဟေ့ကောင်, တွေ့လား"

ကောင်းကျော်က အပြင်ကလှမ်းမေး၏။

"တွေ့တယ်ဗျို၊ တွေ့ပြီ တွေ့ပြီ"

ငပိန်သည် ဝမ်းလျားထိုး ဝင်သွားရာမှ ... ဒူးခေါင်းလောက်သာ အပြင်မှာ ကျန်သောအခါ အတွင်းက တွေ့ပြီဟု ဝမ်းသာအားရအော်ပြော၏။

"ဘာတွေ့တာလဲကွ"

"ဖွတ်မြီးကွ ... ဖွတ်မြီး

ဖွတ်မြီးတွေ့ပြီဆိုသဖြင့် အားလုံး ဝမ်းသာသွားကြသည်။

"အမြီးဆွဲထုတ်ကွာ"

"အေး အေး"

"ချောတယ်ကွ၊ တော်တော်နဲ့ ဆွဲမရဘူး"

"ခေါက်ချိုးပြီးဆွဲကွာ၊ ဒင်း ခံနိုင်ရိုးလား"

မြဒင်စကားမဆုံးခင်ပင် ငပိန် ကျင်းခေါင်းထဲက ထွက်လာသည်။

"ဘာလဲကွ"

အားလုံးက အံ့သြသွားကြသည်။

"ဖွတ်က အခေါင်းထဲမှာ တစ်ခုခုကို ခြေလက်ကုတ်ထားတာနဲ့ တူတယ်ကွ၊ ဘယ်လိုမှ ဆွဲမရဘူး၊ အမြီးကလဲ ချောတယ်"

"မင်း အမြီးကိုချိုးပြီး ခေါက်ဆွဲပါဆို"

"ရှီး, ချိုးဆွဲပြီလား၊ မရပါဘူးဆို၊ ဖွတ်က နည်းတဲ့ကောင်ကြီး မဟုတ်တော့ အားသန်တယ်ကွ၊ ဒီလို လုပ်ရမယ်"

ငပိန်က သူ့ပုဆိုးအထက်ပိုင်းကို ဖြည်၍ ချွေးသုတ်ရင်း ပြော၏။

"ဘယ်လို လုပ်မလဲ"

"ဒီတစ်ခါ ... ငါ ဝင်ဦးမယ်၊ ဖွတ်အမြီးကိုသေသေချာချာ ချိုးလိမ်ပြီး

မိမိရရဆွဲရမယ်၊ ငါ့တစ်ယောက်တည်းနဲ့တော့ မရဘူး၊ ငါက ဆွဲကြဆိုရင် မင်းတို့ အပြင်က ငါ့ခြေထောက်ကို မိမိရရ ဆွဲကြ၊ငါ ဝင်မယ်"

"အေး, ကောင်းတယ် ကောင်းတယ်၊ မိမိရရကိုင်ကွာ၊ ဩော်, တို့ အပြင်က ဝိုင်းဆွဲပေးမယ်၊ဒင်း, ခံနိုင်ရိုးလား"

ငပိန်သည် ခါးတောင်းကို မြှောင်အောင် ကျိုက်သည်။ နံရိုးတွေ အချောင်းလိုက် အချောင်းလိုက် ပေါ်နေသော သူ့ကိုယ်လုံး ကြုံကြုံလှီလှီလေးကို တွန့်၍ ကျင်းခေါင်းထဲ အားမာန်အပြည့်နှင့် ဝင်သွား၏။

"ကဲ, ဆွဲကြဟေ့ ဆွဲကြတော့၊ ဖွတ်မြီးကို ငါမိမိရရ ခေါက်ချိုးကိုင်ထားပြီ ကွ"

"ဟေး, ကဲ ဆွဲကြကွ ဆွဲကြ"

"ဟေး ... လေ ... လေး"

"ဟီး လေ .. လေး"

ငပိန်ခြေထောက်ကို ကျောင်းသားကြီး ကောင်းကျော်က ဆွဲ၏။

ကောင်းကျော်၏ ခါးကို မြဒင်က ဆွဲသည်။ မြဒင်၏ခါးကို လှမြင့်၊ လှမြင့်၏ခါးကို ကျွန်တော်၊ ကျွန်တော်၏ခါးကို လှစံ။ ဤသို့နှင့် တစ်ယောက်ခါး တစ်ယောက်ဖက်၍ ဩသံပေးကာ ဆွဲကြသည်။

ဟေး ... လေ ... လေး"

"ဟီး လေ .. လေး"

သရက်အုပ်နှင့် နီးသော ဘေးအိမ်နားက လူကြီး သုံးလေးယောက်သည် ကျွန်တော်တို့ အသံကိုကြား၍ ရောက်လာကြသည်။ အကျိုးအကြောင်း မေးကြသည်။ ကျွန်တော်တို့က ပြောပြသောအခါ လူကြီး သုံးလေးယောက်ကပါ အားပေး၍ ဝင်ဆွဲကြသည်။

"ယီး … လေး.. လေး …"

"ယီးလေး"

"ဝုန်း"

"ဟိုက်"

"ဟည်း"

တစ်ယောက်ခါး တစ်ယောက်ဖက်၍ ဆွဲနေကြသော လူကြီးလူငယ် အားလုံး အတုန်းအရုန်း လဲပြိုကြသည်။ ဝမ်းလျားမှောက်၍ ကျင်းထဲဝင်နေသော ငပိန်လည်း ကျင်းထဲက လျှောခနဲ ထွက်ကျလာသည်။

ငပိန်၏လက်ထဲတွင် တန်းလန်းကြီး ပါလာသော လူကြီးတစ်ယောက်၏ ပေါင်လုံးလောက်ရှိသည့် စပါးကြီးမြွေကြီးမှာ အရှိန်နှင့် လဲကျနေသော လူများ၏ ကိုယ်ပေါ်သို့ ရုတ်တရက် ပစ်ကျလေသည်။ ငပိန်က ဟေးခနဲ လန့်အော်ပြီး မြွေကြီးအမြီးကို လွှတ်ချလိုက်သည်။

အမှန်က မြွေကြီးမှာ မီးရှို့ခံထားရသဖြင့် သစ်ခေါင်းကို ဖြတ်သွားနေသော သရက်မြစ်ကို ကြောက်ကြောက်နှင့် ရစ်ပတ် ခြေကုတ် ယူထားသည်။ ယခု လူငယ်ဆယ်ယောက်ခန့် ဝိုင်းဆွဲကြသောအခါ မခံနိုင်၍ ပြုတ်ထွက်လာခြင်း ဖြစ်လေသည်။ ငပိန်နှင့်လှမြင့်တို့ တွေ့ခဲ့ကြသည် ဆိုသော ဖွတ်ကြီးမှာ ယခုတွင် ဘယ်ဆီရောက်သွားလေပြီ မသိ။

"သောက်ကောင်လေးတွေ ဖွတ်မှန်းမြွေမှန်း မသိကြဘူး၊ တောင်ပို့ ခေါင်းတိုင်း ဖွတ်ရှိတာ မဟုတ်ဘူးကွ၊ တော်သေးတာပေ့ါ စပါးကြီးမြွေမို့လို့ ငန်းတို့ မြွေဟောက်တို့သာ ဆိုရင် အားလုံး မသာပေါ်ကုန်မယ်"

သွေးရူးသွေးတန်းနှင့် ထွက်ပြေးသွားသော စပါးကြီးမြွေကို ကြည့်ကာ လူကြီးတစ်ယောက်က မှတ်ချက်ချ၏။ ကျွန်တော်တို့ အားလုံးမှာကား

ယခုမှ ဖွတ်မေ့ ပုတတ်မေ့ဖြစ်ကာ အာလုံး မှင်တက်မိသွားကြလေသည်။

***

## ပလူတွင်း

မိုးဦးကျမိုးက တစ်ရက်,နှစ်ရက်၊ တစ်ကြိမ်, နှစ်ကြိမ် ရွာပြီးသွားပြီ။

ယနေ့ နေသာသည်။ မိုးကောင်းကင်ထက်တွင် တိမ်ပဝါဖြူ တစ်စ, နှစ်စသာ လွင့်မျောနေ၏။ ထို့ကြောင့် မနက်ကပင် နေချစ်ချစ်တောက် ပြန်ပူနေသည်။ သည်လို မိုးဦး မိုးရွာပြီးစ နေပြန်ပူသော ညနေဆိုလျှင် တောင်ခြေတောစရှိ ပလူကျင်းများမှ ပလူကောင်များ အဆမတန် ထွက်တတ်ကြသည်။

ဤသို့နှစ်စဉ်နှစ်တိုင်း ထွက်တတ်ကြသော ပလူကောင်များကို အမှီသဟဲပြုကာ ဖွတ်, ပုတတ်နှင့်တကွ ပလူစားငှက်များကို ပစ်ခတ်ရတတ်သည်။

ထို့ကြောင့် ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်သည် အမေအဖေတို့ ကိုင်းတောက မပြန်မီ ဖွတ်, ပုတတ် ရှာသူများနှင့် ငှက်ခတ်သမားများ မဦးမီ ပလူကျင်း တစ်ကျင်းကို ဦးထားရန်၊ ငှက်ခတ်ရန်၊ ဖွတ်, ပုတတ် ရလျှင်လည်း ဖမ်းဆီးရန် ညနေစောင်းကြီးတွင် ရွာက ထွက်လာကြသည်။

ရွာထွက်စ တလင်းနားတွင် ဦးလေး ဦးဖြူသီးနှင့် မမျှော်လင့်ဘဲ ဆုံမိကြ၏။ ထင်းတုံးကြီး တစ်တုံးကို မနိုင်ရင်ကာ ထမ်းလာသော ဦးလေးဦးဖြူသီးက ကျွန်တော်တို့ကို မြင်သည်နှင့် မေးတော့

"ဟော့ကောင်လေးတွေ၊ လက်ထဲမှာလဲ လင်းလေး၊ ဝါးပြောင်းတွေနဲ့ နေညို ညနေစောင်းမှာ ဘယ်သွားကြဦးမလို့လဲ"

"ကျွန်တော်တို့ ပလူကျင်း သွားစောင့်ကြမလို့ဦးလေး"

ညီအစ်ကိုသုံးယောက်ထဲတွင် အငယ်ဆုံးဖြစ်သော ကျွန်တော်က ခပ်ကြွားကြွားပင် ပြောလိုက်သည်။ ဤသို့ ခပ်ကြွားကြွား ပြောလိုက်ရခြင်းမှာ လူကြီးတွေ၊ ငှက်မုဆိုးတွေသာ သွားစောင့်လေ့ရှိသော တောင်ခြေတောစက ပလူကျင်းကို ဤအသက် ဤအရွယ်နှင့် သွားစောင့်ကြမည် ဆိုသော ကျွန်တော်တို့ညီအစ်ကိုအား ဦးလေးက "ဟေး, ဒါမှငါ့တူတွေဟေ့၊ ကြီးလာရင် မုဆိုးဖြစ်မယ့် လူတွေဆိုတာ ခုကပင် ပလူကျင်းစောင့်ရဲမှ" ဟု ချီးမွမ်းလိမ့်မည် အထင်နှင့် ပြောလိုက်ခြင်း ဖြစ်သည်။

သို့သော် ဦးလေး ပါးစပ်ထဲက ထွက်လာသော စကားမှာကား

"အောင်မယ်, ကြီးကြီးကျယ်ကျယ် လူတွေကဖြင့် လက်တောက်လောက်ရှိသေးတယ်၊ ပလူကျင်း သွားစောင့်ရအောင် မင်းတို့က လူကြီးတွေလား မုဆိုးတွေလား၊ ပလူကျင်းစောင့်တယ်ဆိုတာ မြွေပါးကင်းပါးနဲ့ ဘယ်လောက် အန္တရာယ်များတယ်ဆိုတာ နင်တို့ သိလို့လား၊ သွား, ရွာထဲ ပြန်ဝင်ကြ" ဟူ၍ဖြစ်၏။

အမှန်အတိုင်း ပြောလိုက်မိ၍ အကြိမ်းခံလိုက်ရသော ကျွန်တော့်အား အစ်ကိုနှစ်ယောက်က အပြစ်တင်သော အကြည့်နှင့် ကြည့်နေကြသည်။

ကျွန်တော့်မှာလည်း မိဘနှင့်တကွ တစ်ဆွေလုံး တစ်မျိုးလုံးက မုဆိုးတံငါအလုပ်ကို အားမပေးကြမှန်း သိ၍ နောင်တရသွားသည်။

သို့သော် ကံကောင်းသည်ဟု ဆိုရပေမည်။ ထင်းတုံးကြီး တစ်တုံးကို မနိုင်မနင်း ထမ်းလာသော ဦးလေးမှာ ထင်းတုံးကြီးလေးသဖြင့် ကျွန်တော်တို့အား နောက်ထပ် ဆက်ပြီး မဆူနိုင်မပြောနိုင်တော့ဘဲ ရွာထဲ စွတ်ဝင်သွား၏။

ထိုအခါ ကျွန်တော်တို့ ညီအစ်ကိုမှာလည်း ပလူကျင်းရှိရာ တောင်ခြေတောစသို့သာ ငှက်ပစ်ရန် ထွက်လာကြလေသည်။

***

နှစ်စဉ်နှစ်တိုင်း ကြားနေမြင်နေကျ အတိုင်းပင် တောင်ခြေ တောစနား အရောက်မှာ ပလူကောင်များ ထွက်ပျံနေသော တစ်နေရာကို သစ်ဆိုင် သစ်ကိုင်းဖျား အလွတ် ကောင်းကင်ပေါ်မှာ မြင်နေကြရသည်။ ပလူကျင်းမှာ စထွက်ကာစသာ ရှိသေးပုံရ၏။ ပလူကောင်များကို ထိုးဆိတ် စားသောက်နေကြသော ငှက်များမှာ များစွာ စည်စည်ကားကား ဆူဆူညံညံ မရှိကြသေး။ အမြင်မှာ ပလူစားငှက် အကောင် နှစ်ဆယ်လောက်သာ ရှိဦးမည်။

ထို့ကြောင့် ကျွန်တော်တို့သည် ပလူကျင်း ရှိရာသို့ အပြေးလိုက်လာကြသည်။ ထိုအချိန်မှာပင် ပလူစားငှက်များသည် သောသောညံ အသံပေးကာ ကျွန်တော်တို့နှင့်အပြိုင် ပလူကျင်းရှိရာသို့ သူ့ထက်ငါဦး ပြေးပျံလာနေကြသည်။

အမှန်မှာ ကျင်းထဲမှထွက်ပြီး မိုးပေါ်ပျံတက်လာသော ပလူကောင်များကို ငှက်များက တပျော်တပါး ဝဲပျံထိုးဆိတ် စားသောက်နေကြသလို ကျင်းမှ ထွက်ထွက်ချင်း ပလူကောင်များ ကိုလည်း စောင့်စားရန်၊ ဤအချိန်ဆိုလျှင် ပလူကျင်းဝ၌ ဖွတ်,ပုတတ်ကစပြီး အိမ်မြှောင်, ပုတ်သင်ညို, ကင်းလိပ်ချော, သင်းခွေချပ်, မြွေ စသည့် တွားသွား တိရစ္ဆာန်များ ရောက်နှင့်ကြပြီ ဆိုသည်ကို ငှက်ခတ်မုဆိုးများ ပြောစကားအရ သိထားကြလေပြီ။

ထို့ကြောင့်ပင် ကျွန်တော်တို့ သုံးယောက်သည် မိုးပေါ်က ပလူကောင်များကို လှမ်းမော့ကြည့်လိုက်၊ လယ်ကွင်း ကိုင်းတောများကို ဖြတ်ပြေးလိုက်နှင့် တောင်ခြေတောစပ်က ပလူကျင်းနား ရောက်လာကြ၏။

"အစ်ကိုတို့က ငှက်ပစ်ဖို့ချည်း ဇောကပ် မနေကြနဲ့ ဦးနော်၊ မြေပြင်က ပလူကောင်တွေကို အလာ ကောက်စားနေကြတဲ့ မြွေပါးကင်းပါးလဲ သတိထားကြဦး"

ပလူကျင်းနား အရောက်မှာ ကျွန်တော်က လူတတ်ကြီးလုပ်ပြီး ကြားဖူးနားဝနှင့် အစ်ကိုနှစ်ယောက်ကို သတိပေးလိုက်၏။

မိုးတစ်ရက်နှစ်ရက် ရွာထားပြီးဖြစ်သဖြင့် သစ်ရွက်ခြောက်တွေမှာ လူတက်နင်း သွားသော်လည်း ချိုးချိုးချွတ်ချွတ် မမြည်သဖြင့် ခြေသံကပိုလုံသည်။

ထို့ကြောင့်လည်း မြေပြင်က ပလူကောင်များကို ကျွန်တော်တို့ထက် ဦးစွာရောက်ပြီး ကောက်စားနေကြသော ပုတ်သင်ညို၊ ကင်းလိပ်ချော၊ ပုတတ်သုံးလေးကောင်တို့မှာ ကျွန်တော်တို့နှင့် ပက်ပင်းတိုးကာ ရုတ်တရက်ထွက်ပြေးသွားကြသည်။

ပလူကောင်များ တစ်ကောင်ပြီး တစ်ကောင်ထွက်ပြီး မိုးပေါ်ပျံတက် နေကြသော ပလူကျင်းနားရှိ သစ်ပင်နှစ်ပင်ပေါ်ကို အစ်ကိုကြီးနှင့် အစ်ကိုလတ်တို့က တစ်ယောက် တစ်ပင်ကျစီ တက်သွားကြ၏။ ပင်စည်ပေါ်တွင် လာနားသော ငှက်များကို သူတို့နှစ်ယောက်က ဝါးပြောင်း, လေးခွ, လင်းလေးတို့နှင့် ပစ်ချကြသည်။

အစ်ကိုနှစ်ယောက် ပစ်ချလိုက်သော ငှက်များကို ကျွန်တော်က လိုက်ဖမ်းလိုက်ကောက်ရမည်။ လေးဆူး, ဝါးပြောင်းဆူးများ တန်းလန်းနှင့် မြေပြင်ပေါ် ထိုးကျလာသော ငှက်များကို လိုက်ကောက် ဆူးဖြုတ်ပြီး လေးဆူး, ဝါးပြောင်းဆူးများကို အစ်ကိုတို့ဆီ ပြန်ပြီးပေးရမည်။

ထို့ကြောင့် ကျွန်တော်သည် ဘယ်သစ်ပင်ပေါ်ကိုမှ မတက်ဘဲ အောက်၌သာ သတိဝီရိယကြီးစွာနှင့် နေနေရ၏။

သစ်ပင်ပေါ်တက်ပြီး ငှက်ပစ်ချနေကြသော အစ်ကိုနှစ်ယောက်မှာ များစွာ အန္တရာယ် မရှိလှသော်လည်း မြေပြင်၌ ငှက်ကောက်ရန် စောင့်နေရသော ကျွန်တော့်မှာ မြွေတွေ,ကင်းတွေကို မနင်းမိ မတိုက်မိအောင် အထူး

သတိထားရသည်။

အစ်ကိုတို့ပစ်ချလိုက်သော လေးဆူး တန်းလန်းနှင့်ငှက်ကို လောဘဇော နှင့် ပြေးအကောက်မှာ တစ်ခါတစ်ခါ ကင်းလိပ်ချော, ပုတ်သင်ညို များကို တက်နင်းမိတတ်သည်။ လူက ငှက်ကောက်ရန် ဇောကပ်နေသလို ပုတ်သင်ညို, ပုတတ်နှင့် ကင်းလိပ်ချောတို့ မှာလည်း ပလူစားရန်သာ ဇောကပ်နေကြ၏။ ထို့ကြောင့် တစ်ဦးကိုတစ်ဦး မမြင်မိဘဲ တစ်ခါတစ်ခါ ဝင်တိုး ဝင်တိုက်မိကြသည်။ မြွေမဟုတ်၍သာ တော်သေးသည်။ ငှက် အော်သံများမှာ ပို၍ ဆူညံလာသလို မြေပြင်ပေါ်မှာလည်း ပုတ်သင်ညိုတွေ, ကင်းလိပ်ချောတွေ, ပုတတ်တွေနှင့် ရှုပ်ယှက်ခတ်လာသည်။

တစ်ခါတစ်ခါတွင် ပလူစား ငှက်များကိုသိမ်းငှက်, စွန်ရဲတို့က တစ်ခါထပ် ပြီး လာထိုးလေရာ ပလူစားငှက်များမှာ သစ်တောထဲ ဝင်ပြေးပြီး သစ်ပင် တွေနှင့် တိုက်ကာ အတောင်ကျိုး၊ ခြေထောက်ကျိုးနှင့် သစ်တောထဲ ထိုးကျ လာကြပြန်၏။

ကျွန်တော့်မှာ အစ်ကိုနှစ်ယောက် ပစ်ချလိုက်သော ငှက်များနှင့် သိမ်းစွန် တို့၏ အန္တရာယ်ကြောင့် အတောင်ကျိုး၊ ခြေကျိုးကျလာသော ငှက်များကို ငှက်ခတ်တုတ်နှင့် ရိုက်၊ လေးခွနှင့် ထပ်ပစ်ကာ မလွတ်တမ်း ကောက်ယူ နေရသည်။

ယခုအချိန်မှာ အားလုံး ဝရန်းသုန်းကားနှင့် တောတစ်ခုလုံးမှာ ငှက် အော်သံများနှင့် ဆူညံနေသည်။ ပလူနှင့်ငှက်၊ ငှက်နှင့်စွန်ရဲတို့က ကောင်းကင်ပေါ်တွင် တိုက်ပွဲဆင်နွှဲနေကြသလို မြေပြင်တွင်လည်း လူနှင့် ငှက်၊ ပလူနှင့်တွားသွား တိရစ္ဆာန်တွေမှာ တစ်ဦးကိုတစ်ဦး သတ်ဖြတ် အနိုင်ယူကာ လောဘဇော တက်လျက် ရှိကြလေသည်။

***

အစ်ကိုလတ် ပစ်ချလိုက်သော ကျွဲကျောင်းငှက် တစ်ကောင်သည် ပြောင်းဆူး တန်းလန်းနှင့်ပင် ထိုးကျလာသည်။

ထိုကျွဲကျောင်းငှက်ကို ကျွန်တော် သွားကောက်မည် အလုပ်တွင် လူကြီးလက်ကောက်ဝတ်လောက် ရှိသော မြွေတစ်ကောင်က သစ်ပင်ကြီးနှစ်ပင်ကြားမှ လျှောခနဲ ထွက်လာ၏။ မြွေကြီး၏ တောက်ပသော မျက်လုံးနှစ်လုံးကြောင့် ကျွန်တော့် ခြေလှမ်းတုံ့သွားသည်။

ထိုစဉ် အတောင်ပံ တဖျပ်ဖျပ် ခတ်ကာ ရုန်းကန်နေသော ကျွဲကျောင်းငှက်အနားသို့ မြွေကြီးသည် တိုးကပ်သွား၏။

သို့သော် မသေမရှင် ရုန်းကန်နေသော ကျွဲကျောင်းငှက်နား မြွေကြီး အရောက်မှာ တောတိရစ္ဆာန် တစ်ကောင်သည် ကျွဲကျောင်းငှက်ဆီ လာနေသော မြွေပေါ် ခုန်အုပ်လိုက်သည်။

မြွေကြီးမှာ တစ်ပတ်နှစ်ပတ် လိမ့်လိုက်ပြီး ပါးပျဉ်းဖြန့်ကြက်ကာ ထိုတိရစ္ဆာန်ကို ပေါက်သတ်ရန် အားယူနေသည်။ ကျွန်တော်သည် အစ်ကိုကြီးရှိရာ သစ်ပင်နား နောက်ပြန်ဆုတ် ပြေးသွားမိသည်။ မြွေကြီးနှင့် တောတိရစ္ဆာန်ကိုမူ မျက်စိထဲက အပျောက်မခံရဲ။ မြွေကြီးသည် မိမိကို မြင်သွားပြီး မိမိဆီ လိုက်မှာ ကြောက်နေသလို မြွေကြီးအား ခုန်အုပ် ကိုက်သတ်ရန် အားယူနေသော တောတိရစ္ဆာန်ကိုလည်း ဘာကောင်မှန်း ခွဲခွဲခြားခြား မသိသေးသဖြင့် စိုက်ကြည့်နေမိ၏။ အစကမူ တောကြောင် တစ်ကောင်ကောင်လားဟု ထင်မိ၏။

သို့သော် တောကြောင်လောက် မကြီး၊ ကြောင်လည်း မဟုတ်။ အမြီးဖွားသဖြင့် ရှဉ့်လားဟု သေသေချာချာ ကြည့်ပြန်၏။ ရှဉ့်လောက်လည်းမသေး၊ ရှဉ့်လည်း မဟုတ်။ ဘာကောင်ပါလိမ့်ဟု တွေးလိုက်စဉ် ပါးပျဉ်းထောင်ထားသော မြွေကြီးသည် ထိုတောတိရစ္ဆာန်ကို ထိုးပေါက်လိုက်

သည်။ ထိုတောတိရစ္ဆာန်က လျင်လျားစွာ ခုန်ရှောင်လိုက်၏။ ရုတ်တရက် ထိတ်လန့်သွားသော ကျွန်တော့်ပါးစပ်က 'ဟယ်'ခနဲ ကြောက်ကြောက်ရွံ့ရွံ့ အသံထွက်သွား သော်လည်း တောတိရစ္ဆာန်နှင့် မြွေကြီးတို့မှာ တစ်ကောင်နှင့်တစ်ကောင် အလစ်ချောင်းကာ အကွက်စောင့် ဟန်ရေး ငင်နေကြသည်။ မြွေကြီးက ပါးပျဉ်းထောင်ပြီး ရှေ့တိုးနောက်ငင် လုပ်နေသလို တောတိရစ္ဆာန် မှာလည်း ရှေ့လက်ကို မြှောက်ပြီး နောက်ခြေကို အားပြုကာ မြွေကြီးကို ခုန်အုပ်ရန် အလစ်ချောင်းနေသည်။

ကျွန်တော်သည် အစ်ကိုကြီးရှိရာ သစ်ပင်ပေါ် ရုတ်ခနဲ တွယ်တက်လိုက်၏။ အစ်ကိုကြီးက 'ဘာလဲ' ဟူသောသဘောနှင့် မေးဆတ်ပြီး မေးသည်။

ကျွန်တော်က ပလူကျင်း တောင်ဘက်နားမှ မြွေနှင့်တောတိရစ္ဆာန်ကို အသံတိတ် လက်ညှိုးထိုးပြလိုက်သည်။ ရုတ်တရက်မူ အစ်ကိုကြီးလည်း အံ့သြသွားပုံရ၏။ ထိုအချိန်မှာပင် တောတိရစ္ဆာန်ငယ်သည် မြွေကြီးကို ခုန်အုပ်လိုက်သည်။ မြွေကြီးနှင့် တောတိရစ္ဆာန်တို့မှာ ရွက်ကြွေတောထဲ လုံးထွေးနေကြ၏။

"ဟင်, အစ်ကိုကြီး၊ မြွေနဲ့ ကိုက်နေကြတာ ဘာကောင်လဲ"

"ငါလဲ ခုမှ သတိရတယ်၊ မင်း မမြင်ဖူးသေးဘူးနဲ့ တူတယ်၊ မြွေပါဆိုတာ အဲဒီအကောင်ပေါ့"

ကျွန်တော်က တီးတိုးမေးသလို အစ်ကိုကြီးကလည်း ကြားလောက်ရုံ လေသံနှင့်သာ ဖြေသည်။

ယခု မြွေနှင့် တိုက်ခိုက်နေသော တောတိရစ္ဆာန်မှာ မြွေပါဖြစ်ကြောင်း အစ်ကိုကြီးပြောပြမှ သိရသည်။

အစ်ကိုကြီးသည် ဘာစိတ်ကူး ပေါက်သွားသည်မသိ၊ လက်ထဲက လင်းလေးကို သစ်ကိုင်းတစ်ကိုင်းပေါ် ကမန်းကတန်း ချိတ်သည်။ ခါးကြား ထဲက လေးခွကို ဆွဲနုတ်၏။ လောက်စာသီး ထည့်ယူလာသော အဝတ်ရှုံ့ အိတ်ထဲမှ လောက်စာလုံး တစ်လုံးကို နှိုက်ပြီး အစ်ကိုလတ်ကို ချိန်ပစ်လိုက် သည်။

သူ့ကိုယ်ပေါ် မနာမကျင် လာထိသော လောက်စာလုံးကြောင့် အစ်ကို လတ်က ကျွန်တော်တို့ဆီ လှမ်းကြည့်သည်။

ထိုအခါ အစ်ကိုကြီးက မြွေနှင့် မြွေပါတို့ သတ်ပုတ် လုံးထွေးနေကြရာဆီ သို့ လက်ညှိုး ထိုးပြလိုက်သည်။ ကျွန်တော်လည်း ငုံ့ကြည့်မိရာ မြွေပါနှင့် မြွေ၏ကိုယ်ပေါ် သွေးစိမ်းရှင်ရှင်များကို မြင်နေရသည်။

အစ်ကိုကြီးက အစ်ကိုလတ်ကို လက်ဟန်ခြေဟန်နှင့် အချက်ပြ ပြောသည်။ အစ်ကိုလတ် ကလည်း နားလည်သဘောပေါက်ကြောင်း ခေါင်းညိတ်ပြသည်။

"မင်းအောက်ကိုဆင်းသွား၊ ဘာမှမကြောက်နဲ့နော်၊ ငါက မြွေပါခေါင်းကို လေးခွနဲ့ပစ်ပြီး စော

ထွန်းက မြွေပါကိုယ်ကို ပြောင်းနဲ့ မှုတ်လိမ့်မယ်၊ ခေါင်းကိုထိလို့ မြွေပါမူး မေ့နေတုန်း မင်းက ငှက်ခတ်တုတ်နဲ့ ပြေးရိုက်၊ ငါတို့ ချက်ချင်း ဆင်းလာ ကြမယ်"

"မြွေကကော အစ်ကိုကြီး"

"မြွေက မင်းကိုမကိုက်နိုင်တော့ပါဘူး၊ မြွေပါကိုက်ထားလို့ သေတောင် နေပြီထင်တယ်၊ သွား... သွား၊ မြန်မြန်အောက်ဆင်း"

ကျွန်တော် အောက်ကိုရောက်သည်နှင့် တစ်ပြိုင်နက် အစ်ကိုကြီးနှင့်

အစ်ကိုလတ်တို့က မြွေပါဦးခေါင်းနှင့် ကိုယ်ကို ရှေ့ဆင့်နောက်ဆင့် တစ်ယောက်တစ်ချက် ပစ်ချလိုက်ကြသည်။

တိုင်ပင်ထားသည့် အတိုင်းပင် ကျွန်တော်ကလည်း မြွေလည်ပင်းကို ကိုက်ချီပြီး လေးခွ, ပြောင်းမြားချက်နှင့် သွက်သွက်ခါ လည်သွားသော မြွေပါကို ငှက်ခတ်တုတ် ရှားနှစ်နှင့် ပြေးရိုက်လိုက်လေသည်။

***

## သားတို့ကျေးဇူး

နံနက် နေထန်းတစ်ဖျားခန့်လောက်တွင် သရက်ချောင်း ကျေးရွာမှ ဦးဘသာနှင့်အဖော် နှစ်ယောက်သည် ခအောင်းကုန်းကျေးရွာ ကိုချမ်းမြတို့ အိမ်ရှေ့သို့ ရောက်လာကြ၏။

သရက်ချောင်းရွာက ဦးဘသာမှာ ဤနယ်တစ်ဝိုက်၌ ဝက်ကုန်သည်များ၏ ကိုယ်စားလှယ် ဖြစ်သည်။ ခအောင်းကုန်းရွာတွင် ကိုချမ်းမြအပါအဝင် ဝက်မွေးထားသူ တစ်ဆယ့်ကိုးယောက် ရှိ၏။ သို့သော် များများစားစား မဟုတ်။ နှစ်ကောင်စ, သုံးကောင်စ တစ်နိုင် မွေးထားကြခြင်းသာ။

ဦးဘသာနှင့် မျက်နှာစိမ်းနှစ်ယောက် ဝက်ဝယ်ရန်လာသည်ကို ကိုချမ်းမြက အတပ်သိလိုက်သည်။ ကိုချမ်းမြတို့ လင်မယားမှာ အချိန်လေးငါးဆယ်ခန့် ဝက်တောင်းကြီး နှစ်ကောင်ရှိလေသည်။ ဝက်တောင်းကြီး နှစ်ကောင်ကို သူတို့လင်မယားသည် ရက်သား ကတည်းကပင် စပါးတစ်တင်းနှင့်လဲကာ မွေးထားခဲ့ကြခြင်း ဖြစ်သည်။ ယခုဆိုလျှင် သူတို့မွေးထားခဲ့သည်မှာ သုံးနှစ်ပင် ကျော်လေပြီ။

ဦးဘသာက ကိုချမ်းမြကို ဗျိုးဟစ်ခေါ်သည်။ ကိုချမ်းမြသည် အိမ်ပေါ်မှ ဆင်းလာပြီး ဦးဘသာနှင့် မျက်နှာစိမ်းနှစ်ယောက် ရှေ့တွင်ရပ်လိုက်၏။

"မင်းမှာ ဝက်နှစ်ကောင်ရှိတယ် ကြားလို့ကွ"

"ဟုတ်ကဲ့၊ ရှိပါတယ်"

"ဒါ ငါ့မိတ်ဆွေတွေပဲ၊ မင်းဝက်တွေ ကြည့်ရအောင် ဘယ်မှာလဲ"

ကိုချမ်းမြက အိမ်ဝင်းထဲ ဟိုဟိုသည်သည် ကြည့်သည်။ အိမ်ရှေ့ဝန်းကျင်တွင်တော့ သူ့ဝက်နှစ်ကောင်ကို မတွေ့။

"အိမ်နောက်ဘက်က လယ်ကွင်းနား ရောက်နေကြတယ် ထင်တာပဲ"

"မင်း ရောင်းမယ်ဆို၊ သွားမောင်းကွာ၊ ခြံသွင်းပြလေ"

ဦးဘသာက သူ့အိမ်အောက်တွင် ခနော်နီခနော်နဲ့ လုပ်ထားသော ကိုချမ်းမြ၏ ဝက်ခြံကို ကြည့်၍ပြော၏။

"မေသင်၊ တို့ဝက်တွေ ဒီက ဦးဘသာတို့ ကြည့်ချင်လို့တဲ့၊ သွားရှာစမ်းပါဦး"

"အမယ်လေး, ကျုပ်သားတွေက ရှာစရာမလိုပါဘူးတော်၊ ကျုပ် အသံကြားတာနဲ့ ပြေးလာကြမှာပါ"

မေသင်၏စကားကို ဦးဘသာနှင့် မျက်နှာစိမ်းနှစ်ယောက်က အံ့ဩသလိုနှင့် ကြည့်နေကြသည်။ မှန်သည်။ မေသင်သည် အိမ်နောက်ဖေးဘက် ထွက်သွားပြီး "မောင်ဖြူ ရေ၊ လာ လာ... မောင်မဲ" ဟုခေါ်နေရာ ငါးမိနစ်ပင် မကြာ၊ ဝက်တောင်းကြီး နှစ်ကောင်သည် မေသင်နားသို့ ရောက်လာကြသည်။

"ဦးဘသာက ခြံသွင်းလိုက်ပါတဲ့ကွာ" ဟု ကိုချမ်းမြက မေသင်ကို လှမ်းပြော၏။

မေသင်သည် ခနော်နီခနော်နဲ့ လုပ်ထားသော အိမ်အောက်ခြံတံခါးကိုဖွင့်ကာ ဝက်ကြီးနှစ်ကောင်အား တင်ပါးကို ပုတ်ပြီး အိမ်အောက်ထဲ သွင်းလိုက်၏။

ဦးဘသာနှင့် မျက်နှာစိမ်းနှစ်ယောက်သည် ဝက်တောင်းကြီး နှစ်ကောင်ကို လှည့်ပတ်ကြည့်ရှုကြသည်။

ဝက်တောင်းကြီး နှစ်ကောင်ကမူ ဦးဘသာနှင့် မျက်နှာစိမ်း လူနှစ်ယောက်ကို စိန်းစိန်းကြီး ကြည့်ကာ တခူးခူးတဂူးဂူး ရန်ရှာနေကြ၏။

"မောင်ချမ်းမြ၊ မင်း ... ဝက်နှစ်ကောင်ကအရွယ်တူပါပဲကွာ"

"ဟုတ်ပါတယ်၊ တစ်မိပေါက် ညီအစ်ကိုကိုးဗျ"

"အေး, ဟုတ်ပြီ၊ မင်းဝက်နှစ်ကောင် ဈေးဆိုကွာ"

ဝက်နှစ်ကောင်ဈေးဆိုဟု ဦးဘသာက ပြောလိုက်သောအခါ ကိုချမ်းမြနှင့် မေသင်တို့မှာ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်နေမိကာ ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်နေကြသည်။

ကိုချမ်းမြနှင့် မေသင်တို့မှာ ယခင်ကလည်း ဝက်မွေး ရောင်းစားဖူးကြသူတွေ မဟုတ်ရာ၊ ယခုသူတို့ ဝက်တစ်ကောင်မှာ အသားပိဿာ ဘယ်လောက်ထွက်မည်ကို မသိ။ ခေတ်အခါအရ သူတို့တောရွာတွင် ဝက်သား တစ်ပိဿာ နှစ်ကျပ်ခွဲနှင့် ဝယ်၍သာ စားဖူးရာ သူတို့ဝက်ကို သူတို့ ဈေးမဖြတ်တတ်ကြ။

ဤဝက်နှစ်ကောင်ကို သူတို့လင်မယား မွေးမိခဲ့ကြသည်မှာလည်း "တစ်နှစ်ဆိုလျှင် အသားမည်မျှတိုးမည်၊ နှစ်နှစ်ဆိုလျှင် ဘယ်ဈေးရမည်၊ သုံးနှစ်ကြာလျှင် ငွေဘယ်လောက်နှင့် ရောင်းမည်"ဟု တွက်ချက်ပြီး မွေးခဲ့ကြသည် မဟုတ်။

သူတို့ရွာသား မောင်တင်ဆိုသူ၏ ဝက်မကြီးမှာ ဝက်ကလေး ကိုးကောင်ပေါက်ပြီး တစ်လမပြည့်မီ အနာဖြစ်ကာ သေသွား၏။ ကျန်ဝက်ကလေး ကိုးကောင်ကို မောင်တင်က ဟိုလူ့မွေးခိုင်း သည်လူ့မွေးခိုင်းနှင့် လှည့်ရောင်းရာ နောက်ဆုံးတွင် အငယ်ဆုံး နှစ်ကောင် ကျန်သည်။

ထိုနှစ်ကောင်မှာ ရှူနာပါတေး ဖြစ်သဖြင့် ဝက်မွေးသူများ မလိုချင်၍ ကျန်

သော ဝက်ကလေး နှစ်ကောင်ပင်။ ဤသည်ကိုလည်း ဝက်မွေးရောင်းစား နေသူ မဟုတ်သော ကိုချမ်းမြ က လုံး၀ မသိ။

သူ့အိမ်ကလည်း အစွန်အဖျားတွင် ဖြစ်ရာ သတင်းအစအနလည်း သူမ ကြားရ။ သူ ရွာထဲဝင်လာခြင်း ကိစ္စမှာ သူ့မိန်းမ မေသင်အတွက် ပတ္တမြား သွေးဆေးမှာရန် မြို့လူကြုံ လာရှာခြင်းသာ။

မြို့ဆင်းမည့်သူသတင်းကို တစ်အိမ်ပြီးတစ်အိမ် လိုက်မေးရင်းက သူနှင့် ဆွေမျိုးသားချင်း တော်သော ဦးထွန်းကျော်အိမ်သို့ ရောက်လာသည်။

"ဘကြီး မြို့ဆင်းမယ် ကြားလို့"

"အေး, မင်း ဘာမှာမလို့လဲ"

"မေသင်အတွက် ပတ္တမြားသွေးဆေးတစ်.."

"ဟဲဟဲ၊ ထုံးစံအတိုင်းပဲ ပြောလိုက်ပါကွာ"

မေသင်အကြောင်းသိနေသော ဘကြီး၏စကားကို သူက ပြုံးနေလိုက် သည်။

"အေးကွ, မင်းမိန်းမကလဲ ဆေးနဲ့လူနဲ့ ပြတ်တယ်မရှိဘူး၊ ကလေးမရလို့ ရောဂါထူနေတာကွ၊ မိန်းမတွေဟာ ကလေးမွေးမှ သွေးသစ်လောင်းပြီး ကျန်းမာတာ၊ သြော်, ဒါနဲ့ ဟော့ကောင်ရယ်၊ မင်းကို ဘကြီးတစ်ခု ပြောမယ် နော်၊ စိတ်တော့မဆိုးနဲ့"

"ဟာ... ဘကြီးကလဲ ဘကြီးစကားကိုကျွန်တော် ဘယ်တုံးက စိတ်ဆိုးဖူး လို့လဲ"

"အေး, မင်းကို ငါပြောချင်တာက ဒီလိုကွ၊ ခုရွာလယ်ပိုင်းက မောင်တင်ရဲ့ ဝက်မကြီးမှာ ဝက်ကလေး ကိုးကောင်ပေါက်ပြီး ဝက်မကြီး သေသွားတယ်၊ ဝက်ကလေးတွေကို ဝက်မွေးချင်တဲ့ လူတွေ လိုက်ရောင်းတာ အခု နှစ်

ကောင် ကျန်သေးတယ်တဲ့၊ အဲဒီနှစ်ကောင်က ရှူနာပါတေးဆိုတော့ ဘယ်သူမှဝယ်မမွေးချင်ဘူး။

အဲဒါ မင်း ကံစမ်းတဲ့သဘောနဲ့ မွေးကြည့်ပါလား၊ တချို့ကလေး မရတတ်တဲ့လူတွေ ကြက်ကလေး ကြောင်ကလေးကအစ မွေးစားရင် ကလေးရတတ်တယ်လို့ တို့အဘိုးအဘွားတွေ ပြောဖူးတယ်၊ ချောင်းကောက်က ဦးမောင်မောင်ကြီး မင်းသိသားပဲ"

"ဟုတ်ကဲ့ ... သိပါတယ်"

"ဦးမောင်မောင်ကြီးနဲ့ မမြရှိန်ဟာ ကလေးမရဘဲ ဆယ်နှစ်ကျော် ကြာတယ်ကွ၊ ပစ္စည်းရှိတော့ လင်မယားနှစ်ယောက်စလုံး ကလေးလိုချင်ကြတာ တစ်ပိုင်းကိုသေလို့၊ အဲဒါနဲ့ ဟိုလူပြော ဒီလူပြောနဲ့ ချွေးကိုက်လို့ သေသွားတဲ့ ဆိတ်မကြီး တစ်ကောင်ရဲ့ ဆိတ်ထီးကလေး တစ်ကောင်ကို မွေးစားတာ၊ ဘာကြာလို့လဲ မမြရှိန် ဗိုက်ကြီးတော့တာပဲ၊ ခု ကြီးရှိန်တို့ မောင်ရှိန်တို့ဟာ ဆိတ်မွေးပြီးမှရတဲ့ ဦးမောင်မောင်ကြီးသားတွေလေ၊ မင်း ခု... တင်အောင်ရဲ့ ဝက်ကလေးတွေကို မွေးကြည့်ပါလား၊ ကံပေါ်ကွာ ကလေးမရတော့လဲ ဝက်တွေကြီးလာရင် ရောင်းစားရတာပဲ"

ဘကြီး ဦးထွန်းကျော် အပြောကောင်းသဖြင့် ကိုချမ်းမြနှင့်မေသင်တို့သည် မောင်တင်၏ ရက်သားအရွယ် ဝက်ကလေး နှစ်ကောင်ကို စပါးတစ်တင်းနှင့် ဝယ်ပြီး ထမင်းရည်တိုက် မွေးခဲ့ကြသည်။ ယခင်က နှစ်ဆယ့်နှစ်ရက်သား ရှူနာပါတေး ဝက်ကလေးနှစ်ကောင်မှာ ကိုချမ်းမြနှင့် မေသင်တို့၏ အပြုအစု ကောင်းမှုကြောင့်လားမသိ၊ တစ်ပတ်လောက် အကြာမှာပင် သိသိသာသာ ဝဖြိုးလာလေသည်။

အကျိုးပေးမည့်ဝက်၊ ကလေးရမည့် ဝက်၊ စီးပွားတက်မည့်ဝက်ဟု ဝက်ကလေး နှစ်ကောင်ကို လင်မယားနှစ်ယောက် ယုယုယယနှင့် ပြုစု

ကျွေးမွေးခဲ့ကြသည်။ သုံးလေးလသားအရွယ်တွင် လင်မယားနှစ်ယောက် တစ်ယောက်တစ်ကောင် ထမ်းကာ ကလေးချီသလိုချီပြီး လယ်ကွင်းထဲမှာ ပင် လျှောက်ဖူးကြသည်။ ရွာနှင့်ဝေးသဖြင့် ရွာကလူများ မြင်မှာကိုလည်း စိုးရိမ်စရာ မရှိရာ မေသင်က ဝက်ကလေး တစ်ကောင်ကို ချီပြီး "ကိုချမ်းမြ၊ တော်တို့ ကျုပ်တို့မှာ ခုလိုချီပိုးရမယ့် သားတစ်ယောက် သမီးတစ်ယောက် လောက် ရလိုက်ရင် ဘယ်လောက် ကောင်းမလဲတော်" ဟု ပြောတတ်၏။

"ရချင် ရမှာပေ့ါကွ၊ ဦးမောင်မောင်ကြီးနဲ့ဒေါ်မြရှိန်တို့အကြောင်း မင်းလဲ ကြားဖူးမှာပေ့ါ"ဟု

ဘကြီးဦးထွန်းကျော် စကားကို ဖောက်သည်ချမိသည်။

သည်လိုနှင့် ဝက်ကလေးနှစ်ကောင်ကို မွေးလာခဲ့ကြရာ လေးနှစ်ခန့်ရှိပြီး ဝက်ကလေးတွေမှာ ဝက်သိုး၊ ဝက်တောင်းကြီးတွေ ဖြစ်ပြီး အစွယ်ကြီးတွေ တငေါငေါကသာ အပေါ်ကို ကော့တက်ပြီး ရှည်ထွက်လာသည်။

ကိုချမ်းမြနှင့် မေသင်တို့မှာကား ကလေးရမည့် အရိပ်အယောင်ကိုမျှ မ မြင်ကြရသေးပေ။

သို့သော် ငယ်ငယ်ကပင် ကျွေးမွေးလာသော သည်ဝက်နှစ်ကောင်ပေါ်တွင် စေတနာတော့ မကွက်ကြ။

နေ့စဉ်မှန်တမ်း ကျွေးမြဲကျွေး၊ ပေးမြဲပေးသာ။ ကျွေးရာမွေးရာ၌လည်း "အိမ်း, ဝက်တွေက ပိဿာချိန် ဘယ်လောက်တော့ ရှိနေပြီ၊ ရောင်းရင် ဘယ်လောက်တော့ ရနိုင်ပြီ" ဟုလည်း တစ်ခါမှတော့ မပြောမိ၊ မဆိုမိကြ။

သူတို့လင်မယားမှာ မိဘ လက်ငုတ် လယ်ဧကမှာလည်း လူငှားနှင့်ပင် လုပ်ကြရာ ဝက်ရောင်း၍ ရွှေဝယ်မည်၊ ငွေစုမည်ဟုလည်း မစဉ်းစားမိကြ။

သူတို့၏ အဓိက ရည်မှန်းချက်မှာ စပါးသာဖြစ်သည်။

ဤနှစ် ဘယ်လယ်က စပါး၊ ဘယ်လောက် ထွက်လျှင် ရွှေ ဘယ်နှကျပ်သား ဝယ်နိုင်ပြီဟုသာတွက်ခဲ့ကြ၏။

အိမ်မှာရှိသော ဝက်နှစ်ကောင်ကိုမူ အမှုမဲ့အမှတ်မဲ့သာ။ သည်လိုနှင့် ယခုဝယ်မည့်သူတွေ ရောက်လာမှ ဤဝက်နှစ်ကောင်မှာ ရောင်းရသော ပစ္စည်းတစ်ခု ပါလားဆိုတာ သတိရမိကြသလိုပင်။

"ကဲ, ပြောကြပါဗျာ၊ ကျွန်တော်တို့မှာ တခြား ဝက်တွေလဲ သွားကြည့်စရာရှိသေးလို့ပါ"

"ကျွန်တော်တို့လဲ မပြောတတ်ဘူး၊ ရွာထဲကဦးထွန်းခကတော့ မင်းဝက်နှစ်ကောင်ကို ငါ့ရောင်းပါလား၊ တစ်ရာ့ငါးဆယ်ပေးမယ်လို့ မိုးဦးက ပြောဖူးတယ်"

ကိုချမ်းမြကအမှန်အတိုင်းပြော၏။

"ဒါဆို တို့လဲ တစ်ရာ့ငါးဆယ်ပဲပေါ့ကွာ"

"ဈေးတူရင် ကိုယ့်ရွာသားပဲ ရောင်းမှာပေါ့ ဦးဘသာကို မေသင်က ဒေသစွဲ စကားတစ်ခွန်း ဝင်ပြော၏။ ဦးဘသာနှင့် လူစိမ်းနှစ်ဦးက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ထိုအချိန်မှာပင် ဝက်နှစ်ကောင်က ဦးဘသာနှင့် မျက်နှာစိမ်းနှစ်ဦးရှေ့ ရောက်လာကာ ခြံတွင်းထဲက ခရူး ခရူး အော်ပြီး ရန်ရှာနေကြသည်။

"ခင်ဗျားတို့ဝက်က ဖမ်းလို့ လွယ်ပါ့မလား၊ ကြည့်ရတာ ခပ်ရိုင်းရိုင်းပဲ၊ ကျုပ်တို့ကတော့ အရှင်ဖမ်းဆွဲသွားပြီး ဟိုရောက်မှ ပေါ်မှာနော်"

မျက်နှာစိမ်းတစ်ယောက်က ဝက်နှစ်ကောင်ကို အကဲခတ်သလို ကြည့်၍ပြော၏။

ကိုချမ်းမြကမူ ...

"ရပါတယ်ဗျာ၊ ခု လူစိမ်းနဲ့ရလို့ပါ၊ စျေးတည့်ရင် ကျွန်တော် ကြိုးချည်ပြီး ရွာပြင်ထိ လိုက်ပို့မှာပေါ့"ဟု ပြောလိုက်၏။

"အဲဒီတော့ နှစ်ရာ့အစိတ်တင်း ထားလိုက်ပါကွာ၊ တို့ အစိတ်ပိုပေးမယ် ဟုတ်လား"

ဦးဘသာက ဆုံးဖြတ်ချက်စကားဆိုသည်။

ကိုချမ်းမြကလည်း ခေါင်းညိတ်လိုက်၏။

"ကဲ ... ကဲ, ဒါဆို ပြီးပြီပေါ့၊ ငါတို့ ဟိုဘက်ရွာက ဝက်တွေ ကြည့်လိုက်ဦး မယ်"

"ဦးတို့က ဘယ်တော့ လာယူမှာလဲ၊ ညနေလား"

"ဟာ, ညနေတော့ ဘယ်လာယူနိုင်ဦးမလဲကွ၊ တချို့ ဆွဲလို့ငင်လို့ မရတဲ့ အကောင်တွေဆို ကြိုးတုပ်ပြီး လှည်းငှား, ဘာငှားလုပ်ရဦးမှာ၊ ခုပိုက်ဆံလဲ တို့မှာ အလုံအလောက်မပါသေးဘူး၊ နောက်တစ်ရက်,နှစ်ရက်ပေါ့ကွာ"

"ဦးတို့က စရန်တွေ ဘာတွေလဲ သတ်မသွားဘူးလား"

"မင်းကလဲကွာ၊ ခေတ်ကာလ အခြေအနေကိုလဲ သိသားနဲ့၊ တို့ ဝက်ဝယ်ဖို့ လာတဲ့အခါ ပိုက်ဆံကို တစ်ပါတည်း ဘယ်ယူလာရဲပါ့မလဲ၊ မင်းတို့ရွာဘက် ဆို ပိုတောင် ယူမလာရဲသေးတာ၊ ဟိုအပတ်ကပဲ ငှက်ပျောချောင်းမှာ တိုက် သေးတယ်ဆို"

ငှက်ပျောချောင်းမှာ ကိုချမ်းမြတို့ရွာနှင့် ကပ်လျက် ဖြစ်သည်။

"ဟုတ်ကဲ့ ကြားပါတယ်၊ ဓားပြကသုံးယောက်တည်းရယ်တဲ့၊ ရွာလူမညီလို့ ခံရတာပါ"

"ဟ, အဝေးလက်နက်ပါတဲ့ ဓားပြကို မင်းကတော့ လေးခွနဲ့ပစ်ရဲမလား ကွ၊ ဟဲ ... ဟဲ"

ဦးဘသာမှာ ဝက်ကုန်သည်များ၏ ကိုယ်စားလှယ်တစ်ဦးပီပီ စကားရောဖောရော လုပ်ကာ ကိုချမ်းမြကို စရန်ငွေမပေးရအောင် လှည့်ပတ်သွား၏။

"ကဲ, တို့သွားမယ်ဟေ့၊ နောက်တစ်ရက် နှစ်ရက်ပါပဲကွာ၊ မကြာပါဘူး"ဟု ပြောပြီး ဦးဘသာနှင့် ဝက်ဝယ်ရန် လာသူနှစ်ဦး ပြန်သွားကြလေသည်။

"မောင်ဖြူနဲ့ မောင်မဲတို့ကို ရောင်းလို့သာ ရောင်းလိုက်ရတာ ကျွန်မ စိတ်ထဲတော့ တစ်မျိုးကြီးပဲတော့"

မေသင်က သူ့ဝက်နှစ်ကောင်ကို စေ့စေ့ကြည့်၍ မျက်ရည်ဝဲကာ ပြော၏။ ထိုအချိန်တွင် 'မောင်ဖြူ' ဟု အမည်ပေးထားသော ရင်ဘတ်အဖြူကျားနှင့် ဝက်သိုးကြီးမှာ မေသင်ဆီ ခေါင်းတယမ်းယမ်း လုပ်ပြပြီး အစာတောင်းနေ၏။

"ဘာတစ်မျိုးကြီး ဖြစ်စရာရှိလဲကွာ၊ အများသူငါလဲ ရောင်းနေကြတာပဲ၊ ဒီကောင် နှစ်ကောင်ကို ရောင်းလိုက်ရင် မင်း ရွှေသုံးမတ်သားလောက်တော့ ကောင်းကောင်းရမှာပဲ"

မေသင်ကမူ ကိုချမ်းမြ၏စကားကို နောက်ထပ် ဘာမှမပြောတော့ဘဲ အိမ်ပေါ်သို့ တက်သွားလေသည်။

ဝက်ကုန်သည် ဦးဘသာတို့ ပြန်သွားကြပြီး နောက်တစ်ညတွင် ဖြစ်သည်။

အချိန်က ညသန်းခေါင်ကျော် ကိုချမ်းမြတို့လင်မယား အိပ်မောကျနေကြ၏။ ထိုအချိန်တွင် တစ်စုံတစ်ယောက်က အိမ်ရှေ့တံခါးကို အပြင်းအထန် ရိုက်ပုတ်၍ ကိုချမ်းမြကို နှိုး၏။

"ဟေ့ ချမ်းမြ ... ချမ်းမြ"

"ခေါ်နေတာ မကြားဘူးလားကွ"

"ဝုန်း ... "

"ဝုန်း.."

အအိပ်ဆတ်၍ အရင်နိုးသော မေသင်က ကိုချမ်းမြကို လက်ကုတ်၍...

"အချိန်မတော်ကြီး ဘယ်က လူတွေပါလိမ့်နော်"ဟု နားနားကပ်ပြော၏။ အိမ်ရှေ့တံခါးကို တအုန်းအုန်း ထုရိုက်၍ အော်ခေါ်နေသူ၏ အသံကို ကိုချမ်းမြလည်း မမှတ်မိ၊ မကြားဖူး။ ထို့ကြောင့် နိုးပြီ ဖြစ်ကြောင်း "အဟမ်း ... အဟမ်း" ဟု အသံပြုလိုက်၏။

"ဟေ့ကောင် ချမ်းမြ၊ တံခါး မြန်မြန်ဖွင့်စမ်း"

"ဘာကိစ္စလဲ၊ ဘယ်သူတွေလဲဗျို့"

"မင်းနှမယောက်ျားတွေကွ၊ မင်းယောက်ဖတွေ၊ တံခါးမြန်မြန်ဖွင့်ပါဆို၊ သောက်စကား ရှည်နေတယ်၊ တစ်ခါတည်း သေသွားချင်သလား"

ဓားပြတွေပါလား ဟူသော အသိကြောင့် ကိုချမ်းမြတို့ လင်မယားမှာ ချက်ချင်း ကြက်သီးဖြန်းဖြန်း ထသွားကြသည်။

"ဟေ့, တံခါးဖွင့်လို့ ပြောနေတာ မကြားဘူးလားကွ၊ ပစ်ထည့်လိုက်ရမလား"

"ဓားပြဗျို့ ဓားပြ ကယ်ကြပါဦး၊ လာကြပါဦး ဓားပြ ... ဓားပြ"

ကိုချမ်းမြမှာ ချက်ချင်း တံခါးကို ဖွင့်မပေးသေးဘဲ တအား ကျုံးအော်လိုက်၏။ ဓားပြများက တဒုန်းဒုန်း ရိုက်ထုနေသော်လည်း အိမ်ရှေ့တံခါးမပွင့်နိုင်သေး။

ဓားပြ သုံးလေးယောက်က ကိုချမ်းမြကို အယုတ္တ အနတ္တ ဆဲဆိုကာ တံခါးကို ရိုက်ဖွင့်နေကြသည်။

ကိုချမ်းမြက တအား ကျုံးအော်နေသလို မေသင်ကလည်း "ကယ်ကြပါဦး

တော်၊ ကယ်ကြပါဦး၊ ကျွန်မတို့အိမ်ကို ဓားပြလာတိုက်နေပါတယ်"ဟု ကတုန်ကယင်နှင့် ငယ်သံပါအောင် အော်နေ၏။

"လိုက်ဟေ့ လိုက်ကြဟ၊ ဝိုင်းကြဟ၊ မောင်ချမ်းမြတို့အိမ် ဓားပြတိုက်နေပြီ၊ လိုက်ကြဟ"

ရွာကလူများသည် မီးတုတ်, မီးရှူး, လက်နှိပ်ဓာတ်မီးများ ထွန်းကာ ဩသံပေး၍ လိုက်ကြ၏။

"ဒိုင်း.."

"ဒိုင်း ... "

"လာကြဟေ့ ... လာကြ လာကြ၊ မင်းတို့မိန်းမတွေ မုဆိုးမ ဖြစ်ချင်ရင် လာကြဟေ့"

"ဒိုင်း ... "

ဓားပြများက သေနတ်ဖောက်၍ အော်လိုက်သောအခါ ရွာက ဩသံပေးပြီး လိုက်လာကြသူ တွေမှာ ချက်ချင်း မီးကိုရေနှင့် ဖျန်းလိုက်သလို ငြိမ်ကျသွားကြသည်။ သေနတ်ကို ကြောက်သဖြင့် မည်သူမျှ ရှေ့တိုးမလာရဲကြတော့ပေ။

"ဟေ့, ချမ်းမြ၊ ရွာက မင်းနှမလင်တွေကို ခေါ်ဦးလေကွာ၊ ခေါ်စမ်းပါဦး"

"ကျွန် ကျွန်တော်လဲ ကြောက်အားလန့်အားနဲ့ အော်မိအော်ရာ လန့်အော်မိတာပါ၊ ဘိုကြီးတို့ရာ အသက်ကိုတော့ ချမ်းသာပေးကြပါဗျာ"

"ဟား ဟား ဟား.. မင်း သေဖို့တော့ တော်တော်ကြောက်တဲ့ အကောင်၊ ဖွင့်စမ်း၊ တံခါးမြန်မြန်"

"ဖွင့် ... ဖွင့်ပါ့မယ်ဗျာ၊ ဖွင့်ပါပြီ"

ဓားပြနှစ်ယောက်က လက်နှိပ်ဓာတ်မီး ထိုးပြီး အိမ်ထဲဝင်လာကြ၏။

ကြောက်ရွံ့ပြီး တုန်တုန်ယင်ယင် ဖြစ်နေကြသော ကိုချမ်းမြတို့ လင်မယား ကို မြင်သောအခါ "ထိုင်ကြစမ်း၊ သေသွားချင်လား"

ဟုပြောပြီး ထိုင်ခိုင်း၏။ တပည့်ဟု ထင်ရသော ဓားပြတစ်ယောက်က ...

"ခွေးမသား၊ မင်း တော်တော်လူဝါးဝတယ်၊ ခေါ်ဦးလေကွာ၊ မင်းနှမလင် တွေကို" ဟုပြောကာ မျက်နှာကို ခြေထောက်နှင့် တစ်ချက် ကန်လိုက်၏။

"အမယ်လေးဗျ"ဟု ကိုချမ်းမြက အော်လိုက်ရာ" ဘိုဟု ထင်ရသော သေနတ်ချိန်ထားသူက

"တိတ်စမ်း၊ မင်းမသေချင်ရင် ရှိတဲ့ပစ္စည်း ထုတ်ပေးစမ်း" ဟုပြောလိုက် ပြီး သူတပည့်အား "ဒီကောင် လက်ပြန်ကြိုး တုပ်စမ်းကွာ"ဟုလည်း ခိုင်းလိုက်သည်။

ကိုချမ်းမြကို ဓားပြတစ်ယောက်က လက်ပြန်ကြိုး တုပ်ထား၏။

"ဟေ့ကောင်မ လာစမ်း၊ နင်လဲ အာဂမိန်းမပေ့ါ ဟုတ်လား၊ ခေါ်လိုက်ဦး လေ ရွာထဲက နင့်လင်ငယ်တွေကို"ဟု ပြောကာ လက်ကိုဆောင့် ဆွဲ လိုက်၏။ မေသင်မှာ ဓားပြရှေ့ ပုံလဲကျသွားသည်။ "သေပါပြီ" ဟုလည်း လန့်အော်လိုက်၏။

"ဟေ့, အောက်က ဘယ်သူတွေလဲကွ မောင်ရဲ"

"ကျွန်တော် ခြံဝမှာပါ ဆရာ"

အိမ်အောက်မှ ဝုန်းဝုန်း ... ရုန်းရုန်း အသံတွေကြားရသဖြင့် ဓားပြဘိုကြီး က လှမ်းမေးသည်ကို သူ့လူဟု ထင်ရသော ခြံဝမှ လူတစ်ယောက်က ပြန်ပြောသည်။

"ဟေ့ကောင်မ၊ နင့်လင် ထွက်ပြေးသွားတာလား"

"မ.. မဟုတ်ပါဘူး ... ဝက်"

"ဘာမဟုတ်တာလဲ၊ ဟိုတစ်ပတ်က ကညင်ထောင်က နင့်မောင်တစ်ယောက် လာနေတာ၊ ငါတွေ့ပါတယ်"

"ပြန်သွားတာ သုံးလေးရက်ရှိပါပြီ ဘိုကြီး၊ အိမ်အောက်မှာ ကျွန်မတို့ မွေးထားတဲ့ ဝက်တွေပါ"

"ဟေ, ဟုတ်လား၊ ကဲ, ရှိတဲ့ ရွှေတွေငွေတွေ အကုန်ထုတ်ပြီး ဒီမှာ လာထည့်၊ မင်းလိုက်ကြည့်စမ်းကွာ ဒီကောင်မကို၊ ရှိတဲ့ပစ္စည်း အကုန်နော်၊ ခိုကပ်ထားမယ်မကြံနဲ့၊ ဒီမှာတွေ့လား၊ နင် မုဆိုးမဖြစ်သွားမယ်"

ဓားပြဘိုကြီးသည် ကိုချမ်းမြခေါင်းကို သေနတ်ပြောင်းနှင့် တည့်တည့်ထိုးပြီး ပြောသည်။ ကိုချမ်းမြမှာ လက်ပြန်ကြိုး တန်းလန်းနှင့်ဓားပြဘိုရှေ့ ဒူးတုပ်ထိုင်နေရ၏။ မေသင်မှာ ရှိသမျှရွှေတွေ ငွေတွေကို ဓားပြဘိုရှေ့ ခင်းထားသော ပုဆိုးထဲ ထည့်ပေးရသည်။

"ဒါ ... အကုန်ပဲလား"

"မှန်ပါ.. ဘိုကြီး"

"ခွေးကောင်မ၊ တို့ မသိတာ ကျနေတာပဲ၊ ဒီမှာ ရွှေဆွဲကြိုးက တစ်ကုံးတည်းပါလား၊ နင် ကျော်သာတို့ အလှူမှာဝတ်တဲ့ ဒေါင်းရုပ်နဲ့ ဘယက်ကြီး ကောဟ"

"အမယ်လေးလေး သေပါပြီတော်"

ဓားပြတစ်ယောက် မေသင်၏ခါးကို လှမ်းကန်လိုက်ရာ မေသင်မှာ ပုံလဲကျသွားသည်။ မေသင်က "အမယ်လေး.. လေး သေပါပြီ"

ဟူသော အော်သံမှာ အိမ်အောက်မှ ဝက်နှစ်ကောင်၏ ခရူး... ခရူး အော်ဟစ်မာန်ဖီသံနှင့် ရောသွားသည်။

အိမ်ပေါ်တွင် သူ့သခင်မ မေသင်မှာ ဓားပြရိုက်၍ ဆောက်တည်ရာမရ

ဖြစ်နေသလို အိမ်အောက်က ဝက်နှစ်ကောင်မှာလည်း ခနော်နီခနော်နဲ့ လုပ်ထားသော ဝက်ခြံကို ကုန်းတိုးကာ အော်ဟစ် မာန်ဖီနေကြသည်။

"အေး, မသေချင်ရင် နင့်ဒေါင်းဘယက်ကြီး ဘယ်မှာ ဝှက်ထားလဲ၊ ထုတ်စမ်း"

"ဟို ဟို.. တစ်ရက်,နှစ်ရက်ကမှ ပြန်သွားတဲ့ မောင်လေးနဲ့ ညီမတွေက အလှူမှာဝတ်ဖို့ ငှားသွားလို့ ... လို့"

"သက်သက် ညာတာ၊ ကဲဟာ ကဲဟာ..ညာဦး ညာဦး"

"ဖြန်း ... ဖြန်း"

"အုန်း ... အုန်း"

"အမယ်လေး.. သေပါပြီတော်၊ ကျုပ်အရိုး တွေကျိုး..

"အေး, မကျိုးချင် မသေချင်ရင် မြန်မြန် သွားထုတ်စမ်း၊ ငါတို့ကို ညာလို့ရမယ် ထင်လား၊ နင့်အမေရွာမှာ ဘယ်သူ့အလှူ ရှိလဲ ပြောစမ်း၊ သောက်ကန်းမ၊ သက်သက်ညာတာ ချက္ကွာ၊ ဘယက်ကို ထုတ်ပေးမလား နင်မသေခံမလား၊ ကဲ, ငါပါဝင်လုပ်ရ၊ သေတော့မယ်နော် ဟင်း"

လင်ချမ်းမြအား သေနတ်နှင့်ချိန်ထားသော ဓားပြဘိုကြီးကပါ "ချက္ကွာ"ဆိုသံဖြင့် မေသင်ကို ဓားပြတစ်ယောက်က လိုမ့်ရိုက် ကန်ကျောက်နေ၏။ မေသင်ကလည်း "ကယ်ပါယူပါ" အော်နေသည်။

နောက်ဆုံးမှာ ဇနီးသည်အား ဓားပြတစ်ယောက်က မညှာမတာနှင့် လိုမ့်ရိုက် ကန်ကျောက်နေသည်ကို မကြည့်ရက်သော ကိုချမ်းမြက ...

"ပေးလိုက်စမ်းပါ မေသင်ရာ၊ အနာမခံစမ်းပါနဲ့'ဟု ပြောယူရ၏။

"ဟဲ ဟဲ ဟဲ ... ငါ့ညီကမှ လိမ္မာသေးတယ်၊ ဟေ့ကောင်မ၊ ဒီမှာ တွေ့လား၊ နင့်ယောကျ်ားကို ငါတို့ဘာလုပ်လို့လဲ၊ တို့က လူကို မရိုက်မနှက် ချင်ပါဘူး

ဟာ၊ တို့ရိုက်နှက်ထားခဲ့လို့ ကျိုးပဲ့သွားရင် တို့လဲမကောင်းဘူး၊ နင်တို့လဲ မိုးဦးကျ လယ်လုပ်နိုင်မှာ မဟုတ်တော့ဘူး၊ ဒီတော့ နောက်နှစ် တို့အတွက် နင်တို့လဲ ရွှေတွေငွေတွေ စုနိုင်မှာ မဟုတ်တော့ဘူး၊

သွား, ဒေါင်းဘယက်ကြီးသာ မြန်မြန်ထုတ်ပေးစမ်း၊ နင့်ကို တို့လက်ဖျားနဲ့တောင် ထပ်မတို့တော့ပါဘူး သွား ... သွား"

မေသင်မှာ တဟင့်ဟင့် ငိုရှိုက်ကာ မီးဖိုအောက် ပြာခွက်ထဲ ထည့်ဝှက်ထားသော နှစ်ကျပ်သား ဒေါင်းဘယက် ဆွဲကြိုးကြီးကို ဓားပြဘိုရှေ့ခင်းထားသော ပုဆိုးထဲ ထည့်ပေးလိုက်ရလေ၏။ ဒေါင်းဘယက်ကြီးကို ရသွားသော ဓားပြဘိုကြီး၏ စကားမှာ အမှန်ပင် ဖြစ်သည်။ လုံချည်ထဲထည့်ထားသော ရွှေငွေတွေကို စုထုပ်ကာ ဓားပြဘိုကြီးသည် ပခုံးတစ်ဖက်တွင် စလွယ်သိုင်း လွယ်လိုက်ပြီး သေနတ်ကို လက်တစ်ဖက်က ကိုင်ကာ

"ဟေ့ကောင် တို့ လိုချင်တာရပြီ၊ လာကွာ သွားကြမယ်" ဟုပြောကာ အိမ်ရှေ့လှေကားမှ အမှောင်ထဲ ဆင်းသွားကြ၏။

မိနစ်ပိုင်း မကြာလိုက်။ ဓားပြဘိုကြီးနှင့် သူ့တပည့်တို့၏ "ဟိုက် အမယ်လေး၊ ဟေ့ ဝက်ဝက်, ဝက်ပက်တယ်ဗျ ဝက်ပက်" ဟူသော အသံနှင့်အတူ အထိတ်တလန့် အော်ဟစ်ကြသံကို ကြားလိုက်ရသည်။

ခြံအပြင်ဘက်တွင် စောင့်နေသူ ဓားပြတစ်ယောက်က "ဘာလဲ ဘာလဲ" ဟုမေးပြီး ခြံထဲဝင်လာသံ မဆုံးမီပင် "ဟာ, ဝက် ဝက်.. ဝက်ပက်တယ်ဟ" ဟုအော်ပြီး ပြန်ပြေးသံကိုလည်း ကြားလိုက်ကြရသည်။

"ဟေ့, မေသင်၊ ဘယ်လိုဖြစ်ကုန်တာလဲဟ၊ ငါ့ကို မြန်မြန်ကြိုး ဖြေပေးစမ်းပါ'ဟု ကိုချမ်းမြကြ ကမန်းကတန်း ပြောလိုက်ရ၏။

မေသင်က ကိုချမ်းမြကို ကြိုးဖြေပေးနေစဉ် ဝက်ကြီးနှစ်ကောင်၏ "ခရူး

ခရူး"ဟူသော မာန်ဖီရန်ပြုသံနှင့်အတူ ဓားပြနှစ်ယောက်၏ မချိမဆံ့ ညည်းညူနေကြသံကိုလည်း အိမ်ရှေ့အမှောင်ထဲက ကြားနေရသည်။

ကိုချမ်းမြနှင့်မေသင်တို့က ချက်ချင်း မီးခွက်ထွန်းပြီး အိမ်ရှေ့သို့ ထွက်ကြည့်ကြရာ "ဟယ်"ခနဲဖြစ်သွားကြသည်။

မြင်ကွင်းမှာ သည်းအူထိတ်စရာ။

သွေးအလိမ်းလိမ်းနှင့် မြေပြင်တွင် လူးလိမ့် အော်ဟစ်နေကြသော ဓားပြနှစ်ယောက်ကို မောင်ဖြူနှင့် မောင်မဲ ဝက်ကြီးနှစ်ကောင်က တအားကျုံး ပက်ကိုက် သတ်နေကြသည်။

မေသင်က အံ့သြတကြီးအသံနှင့် ...

"ဟေး မောင်ဖြူ၊ မောင်မဲ သား ... သားတို့"

ဟုအသံပြုလိုက်ရာ ဓားပြနှစ်ယောက်အား သဲသဲမဲမဲ ပက်ကိုက် သတ်နေကြသော ဝက်နှစ်ကောင်က ခေါင်းမော့ကြည့်ကြသည်။ သို့သော် မြေပြင်တွင် တုံးလုံးပက်လက် ဖြစ်နေကြသော ဓားပြနှစ်ယောက်မှာမူ လုံးဝ မလှုပ်နိုင်ကြတော့ပေ။

ရုတ်တရက် အံ့အားသင့်နေသော ကိုချမ်းမြသည် ဓားပြ၏သေနတ်နှင့် သူတို့ဆီက လုယူ တိုက်ခိုက်သွားကြသော ရွှေငွေများ မြေပြင်တွင် ပြန့်ကျဲနေကြသည်ကို မြင်သောအခါ ဝမ်းသာအားရနှင့် အသံကုန်အော်ဟစ်လိုက်လေသည်။

"လာကြပါဗျို့ ... လာကြည့်ကြပါဦး၊ ဘာမှမကြောက်ကြပါနဲ့၊ ဓားပြတွေကို ကျုပ်ဝက်တွေ ကိုက်လို့ လဲကုန်ကြပါပြီ၊ လာကြပါ၊ လာကြည့်ကြပါဗျို့"

***

နေ့ခင်းကြောင်တောင်တွင် အမှောင်ကျသွားသောတော

ဤထူးဆန်းအံ့ဖွယ်ရာ အဖြစ်အပျက်မှာ ကျွန်တော် ငယ်စဉ်က ဖြစ်သည်။

ကျွန်တော်တို့ရွာနှင့် လယ်သုံးလေးကွင်းကျော်တွင် တောကြီးတစ်တော ရှိသည်။ ဒေသအခေါ်မှာ 'အထက်တော' ဖြစ်သည်။ ထိုတောမှာ အနောက်ရိုးမနှင့် တစ်ဆက်တည်း ဖြစ်သဖြင့် တောတိရစ္ဆာန်များလည်း ပေါသည်။ ရာသီမရွေး စမ်းရေများ တသွင်သွင် စီးကျနေသော စမ်းချောင်းကြီးများလည်း ရှိသည်။

ထို့ကြောင့် အထက်တောတွင် သမင်,ဒရယ်,ချေငယ်, စိုင်, ဆတ်, ဖွတ်, ပုတတ်, ဝက်ဝံ အပြင် တစ်ခါတစ်ခါ ဆင်တွေ ကျားတွေပင် လာရောက် နေတတ်ကြကြောင်း ရွာခံမုဆိုးများက ပြောပြတတ်ကြသည်။

တောထဲတွင် လူးအိုင်, ကျစ်မြေ, ဆားကျင်း, ချပ်တွင်း, အူဝါကျင်းများလည်း ရှိသဖြင့် တောကြမ်းသည်၊ တောခြောက်သည်၊ တောမှောင့်သည်များကိုလည်း မကြာခဏ ကြုံကြရသည်ဟုဆို၏။

သို့သော် တောမည်မျှကြမ်းကြမ်း မုဆိုးများကမူ ထိုတောသို့ သွားလျှင် သားကောင်ကြီးငယ်များကို အမြဲပစ်ခတ်ရတတ်ကြသဖြင့် ရွာခံမုဆိုးများ အပြင် ရွာနီးဝန်းကျင်နှင့် မြို့မှ တောပစ် အမဲလိုက်ဝါသနာပါသူ အရာရှိအရာခံများပင် မကြာမကြာ လာ၍ အပျော်သဘော တောလာပစ် လေ့ရှိကြသည်။

တစ်နေ့ညနေတွင် ကွင်းကောက်ရွာဘက် အမှုသွားစစ်ရင်း မြို့ကဗ္ဗာနအုပ်

(စခန်းမှူး) အသစ်နှင့် သူ့ရဲတပ်သား နှစ်ယောက်တို့ ဦးလေး သူကြီးအိမ်သို့ ရောက်လာကြသည်။

သူတို့သည် ယခင့်ယခင် မြို့ကဗျာနအုပ်၊ ဝန်ထောက်များကဲ့သို့ တောပစ်ရန် လာကြသည် ဆိုတာ မမေးဘဲ သိနိုင်လေသည်။ ကျွန်တော်တို့ဦးလေး သူကြီးအိမ်တွင် တစ်ညအိပ်ပြီး နောက်တစ်နေ့ မနက်တွင် အထက်တောခေါ် မဟာမြိုင်တောထဲ အမဲပစ်ရန် သူတို့ သွားကြမည်။

သူတို့ အမဲပစ်ရောက်လာကြလျှင် ဦးလေးတို့ အိမ်သားတွေနှင့် ကျွန်တော်တို့ အိမ်သားတွေမှာ အလုပ်များကြရသည်။ သူတို့ တောလိုက်လာသူများ စားသောက်ရန် လောလောဆယ် အစ်ကိုတို့က ကြက်ရှာရသည်။ ဦးလေး မိန်းမနှင့် အမေတို့က ချက်ပြုတ် ကြော်လှော်ပေးရသည်။ ဆယ့်သုံးလေးနှစ်သား အရွယ်သာ ရှိသေးသော ကျွန်တော်က သူတို့ချိုး ရေကို ငင်ပေးရသည်။ တစ်ခါတစ်ခါတွင်သူတို့၏ အဝတ်များကိုပင် လျှော်ဖွပ်ပေးရသည်။

ထို့ကြောင့် ယနေ့ သူတို့ ရောက်လာသည်ကို မြင်သည်နှင့် ကျွန်တော့်မှာ စိတ်ရှုပ်သွားသည်။ သို့သော် ရှောင်လွှဲ၍ကား မရ။သူတို့ ရောက်လာကြပြီး မကြာမီမှာပင် အိမ်ချင်း နီးနီးနေကြရသော ဦးလေး သူကြီးမင်း၏ခေါ်သံကို ကြားရတော့သည်။ ချစ်ကြောက် ရိုသေရသော ဦးလေးမို့ ဦးလေးရှေ့ ချက်ချင်း အပြေးသွားရလေ၏။

"ဖိုးအောင်၊ ဦးထော်ကြီးကို သွားပြောစမ်း၊ မကြာခင်ကမှ တို့မြို့ ပြောင်းလာတဲ့ ဝန်ထောက်ကြီးတို့ ရောက်နေကြတယ်၊ မနက်ဖြန်မနက် စောစောတောတက်မသွားနဲ့၊ ဝန်ထောက်မင်းတို့နဲ့ အထက်တောကို အမဲပစ်လိုက်ရမယ်၊ မနက်စာ စားပြီးရင် ဒီလာခဲ့ပြော၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ"

"အေး, ဒါနဲ့ အမဲတောသား ရလာရင်လဲဝန်ထောက်မင်းတို့ ညနေ

သုံးဆောင်ရအောင်လာပို့ ပါလို့ ဦးလေး မှာလိုက်တယ်ပြော၊ သွား.. သွား"

ဦးလေးစကားကြောင့် ကျွန်တော် ဝမ်းသာသွားသည်။ အစကမူ ဦးလေး ခေါ်သည်မှာ ယခင်ကလို ဝန်ထောက်မင်းတို့ အဖွဲ့ ညနေ ရေချိုးကြရန် ရေငင်ခိုင်းဖို့ ခေါ်ခြင်း ဟု ထင်နေရာမှ ယခု ရွာမှုဆိုး ဦးထော်ကြီးကို သွား ပြောပါဟု ဆိုသောအခါ ကျွန်တော် ဝမ်းသာအားရနှင့် ဦးထော်ကြီး အိမ် ဘက်ဒုကြ၍ပင်ထွက်လာသည်။

ဦးထော်ကြီးကိုမူမတွေ့။ ထောင်ချောက်တွေ သွားဖြုတ်ရာက ပြန်မ ရောက်သေးဟု သူ့မိန်းမကပြော၏။ ထို့ကြောင့် ဦးလေးမှာသည့် အကြောင်း သူ့မိန်းမအား ပြောထားခဲ့ကာ အိမ်ပြန်လာသည်။

ထိုအချိန်မှာ ဝန်ထောက်ကြီးတို့အဖွဲ့ကား ရေချိုးပြီးကြပြီ။ ဆက်ရက်မင်း စည်းစိမ်နှင့်ပင် ဝိုင်းဖွဲ့နေကြပြီ။ သို့နှင့် နောက်တစ်နေ့ ရောက်သောအခါ နံနက်စာစားပြီးချိန် နေထန်းတစ်ဖျားခန့် အရောက်မှာ သူ့လက်စွဲတော် ဒူးလေးကြီးကို ထမ်းပြီး ဦးထော်ကြီး ပေါက်ချလာ၏။

"ထိုင်ပျို့ ဦးထော်ကြီး၊ ဒါ ကျုပ်တို့မြို့ကို မကြာခင်ကမှ ပြောင်းလာတဲ့ ဝန်ထောက်ကြီးတို့ အဖွဲ့ပဲ၊ ခုလာတာက ကွင်းကောက်ဘက် အမှုတစ်ခု လာ စစ်ရင်း ဟိုတုန်းက ဝန်ထောက်မင်းများလိုပဲ အမဲတောပစ် လုပ်ကြည့်ချင် လို့ ဒီကိုဝင်လာကြတာတဲ့၊ အဲဒါ တစ်ခါမှ အမဲလိုက်တောပစ် မလုပ်ဖူး သေး တဲ့ ဝန်ထောက်မင်းကို ဒီနေ့ ခင်ဗျား တစ်ခါတည်း တောလမိုင်း ကပ်သွား အောင် လုပ်ပေးလိုက်စမ်းပါ၊ နောက်ဆို ဟိုတုန်းက ဝန်ထောက်မင်းတွေလို ပဲ ခင်ဗျားနဲ့ အဖွဲ့ကျသွားအောင် ပေ့ါနော်"

"ဟုတ်တယ်ဗျ မုဆိုးကြီး၊ ကျုပ်က အမှန်တော့ အမဲလိုက် တောပစ် ဝါသနာ မပါ,ပါဘူး၊

အဲဒါကြောင့်လဲ ကျုပ် တစ်ခါမှ အမဲလိုက်တောပစ် မလုပ်ဖူးဘူး၊ ဒါပေမဲ့

ခက်တာက ခင်ဖျားတို့မြို့ကို တာဝန်နဲ့ ပြောင်းရတော့မယ် ဆိုတာနဲ့ မိတ်ဆွေ လုပ်ဖော်ကိုင်ဖက်တွေက ဘုန်းကြီးနဲ့ ဘီးပဲလို့ နောက်ကြတယ်။

အစက ကျုပ် သဘောမပေါက်ဘူး၊ နောက်မှသိရတာက ခင်ဖျားတို့မြို့ကို ရောက်ခဲ့လို့မှ အမဲ မပစ်ခဲ့ဖူးဘူးဆိုရင် ကျုပ်တို့လောကမှာ လူရာမဝင်သလို ဆိုပါလား၊ အဲဒါကြောင့် ကွင်းကောက်သူကြီးကလဲ ညွှန်လိုက်တာနဲ့ ခု ကြုံ တုန်းကြုံခိုက် တောပစ်အမဲလိုက် လုပ်ကြည့်သွားမယ် ဆိုပြီး ဝင်လာတာ ဗျို့၊ တစ်ခါတည်းနဲ့ကို သားကောင် တစ်ကောင်ကောင်တော့ ပစ်လို့ ရအောင် လုပ်ပေးစမ်းပါဗျာ၊ အဲဒါမှ မြို့ပေါ်က အရာရှိ အရာခံတွေကို ကျော နိုင်မှာဗျ၊ ဟဲ..ဟဲ..

ဝန်ထောက်ကြီးဟု ဆိုသော်ငြားလည်း သူ့အသက်မှာ သုံးဆယ်ကျော် လောက်သာ ရှိပေဦးမည်။ ပြီး ယခင်ဝန်ထောက်ကြီးများလို အသက်ကြီး အရပ်ဆိုးလည်း မဟုတ်။ လူပုံနွဲ့နွဲ့နှင့် စကားပြောလည်း ညင်သာသည်။

ထို့ကြောင့် မုဆိုးထော်ကြီးက ခုမှတွေ့ကြရသော်လည်း ရဲရဲဝံ့ဝံ့ပင်။

"စိတ်ချပါ ဝန်ထောက်မင်း၊ တခြား သားကောင်ကြီးတွေ မပစ်ရတောင် ချေတစ်ကောင်တော့ ပစ်ကိုပစ်ရစေ့မယ်၊ ခုဆို အထက်တောမှာ သစ်ဆိမ့် ‘သျှားဖြူ’ မျောက်ပလုပ်သီးတွေ လှိုင်လှိုင်ပေါချိန်မို့ ဟိုသုံးလေးရက်ကပဲ ကျွန်တော် နေ့လင့်ကြီး တစ်လင့် သွားထိုးထားတာနဲ့ အတော်ပါပဲ"

"နေ့လင့်ဆိုတာ..."

"နေ့လင့်ဆိုတာ သားကောင်တွေကို နေ့ခင်းလင့်စင်ပေါ်က ပစ်ခတ်လို့ ရအောင် သစ်ပင်ကြီးတွေပေါ် လင့်စင်ထိုးထားတာကို ပြောတာပါ"

"ဪ, ဒါဆို သစ်ပင်လင့်စင်ပေါ်က သားကောင်တွေကို စိမ်ပြေနပြေချိန် ပြီး ပစ်ရမှာပေ့ါနော်၊ ကျုပ်ထင်တာက တောလိုက် အမဲပစ်တယ်ဆိုတာ

တောတိရစ္ဆာန်တွေကို ချောင်းမြောင်းပစ်ခတ်ရတာ၊ တောကောင်တွေ ထွက်ပြေးတုန်း လိုက်ပစ်ကြတာလို့ ထင်နေတာဗျို့"

"အဲသလို ပစ်ခတ်ရတာမျိုးလဲ ရှိတတ်ပါတယ်"

"သားကောင်တွေ ပြေးနေတုန်း လိုက်ပြီး ပစ်ရတာကတော့ မသေချာဘူး ပေါ့ဗျာနော်၊ ခု မုဆိုးကြီးပြောသလို အမြင့်စင်ပေါ်ကနေပြီး ချိန်ပစ်ရလို့ ကတော့ ကျည်တစ်တောင့် တစ်ကောင်ကို ပစ်ပြမယ်ဗျာ၊ မန္တလေး ဆပ် ကျောင်းတက်ခဲ့တုန်းက ကျုပ် လက်ဖြောင့်တပ်သား ဆုတောင် ရခဲ့တာဗျ၊ ဟဲဟဲ"

သည်လိုနှင့် ဝန်ထောက်ကြီးတို့ အဖွဲ့ တောပစ်ရန် စီစဉ်ကြသည်။

"ဖိုးအောင် မင်းလဲ ဝန်ထောက်ကြီးတို့ လက်တိုလက်တောင်း ခိုင်း ရအောင်လိုက်သွားလိုက်၊ ဝန်ထောက်ကြီးတို့ လမ်းမှာ ရေဆာရင်လဲ ရေနွေးကြမ်း သောက်ရအောင် ဦးလေးဓာတ်ဘူး လွယ်ယူသွား"

ထိုခေတ်က ကျွန်တော်တို့မြို့တွင် ဓာတ်ဘူးပေါ်ခါစ ဖြစ်ရာ ကျွန်တော်တို့ ရွာတွင် ဓာတ်ဘူး ဆောင်နိုင်သူဆို၍ ဘုန်းတော်ကြီးနှင့် ဦးလေးသူကြီးတို့ သာ ရှိသည်။ ဘုန်းတော်ကြီးက အလှူအတန်းရှိ၍ တစ်ရွာတစ်ကျေးကို ည အိပ် ညနေသွားရလျှင် ကျောင်းသားလေးတစ်ယောက်က ဓာတ်ဘူးလွယ်၍ လိုက်ရသည်။ လမ်းတွင် ဘုန်းကြီး ရေဆာလျှင် ဓာတ်ဘူးထဲမှ ရေနွေးကြမ်း ကို ကပ်ရသည်။ ဤသည်ကို ဂုဏ်ရှိသည်ဟု ထင်ကြသော ကာလ။

ထို့ကြောင့် ယခု ဦးလေးသူကြီးကလည်း သူ့တွင် ဓာတ်ဘူးရှိကြောင်း ဝန်ထောက်ကြီးကို ကြွားလို၍ ကျွန်တော့်အား ဝန်ထောက်ကြီးတို့နှင့် ထည့် လိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဝန်ထောက်ကြီးနှင့် အတူ ကျွန်တော် လည်း အထက်တောသို့ လိုက်လာခဲ့ရခြင်း ဖြစ်သည်။

***

ဤအထက်တောကို ကျွန်တော် လူကြီးတွေနှင့် မျှစ်ချိုးမှိုရှာလောက်သာ ရောက်ဖူးသည်။ မျှစ်ချိုးမှိုရှာ ဆိုသည်မှာလည်း တောအစလေးနားသာ။ တောနက်ထဲကိုမူ တစ်ခါမှမရောက်ဖူး။ ယခု ရွာခံမုဆိုး ဦးထော်ကြီးနှင့် ဝန်ထောက်ကြီးတို့ အဖွဲ့ကမူ တောနက်ထဲဖြတ်ပြီး စမ်းချောင်း တစ်ခုကိုပင် ကျော်ရိုးမကြီးနှင့် တစ်ဆက်တည်း ရှိနေသော တောကြီးမျက်မည်းထဲ ရောက်လာကြ၏။

ဝန်ထောက်ကြီးတို့ အဖွဲ့အား ဤနေရာသို့ ရွာခံမုဆိုးကြီးက ခေါ်လာခြင်းမှာ သူ ကြိုတင် လင့်ထိုးထားသော သစ်ဆိမ့်, မျောက်ပလုပ်, သျှားဖြူတောတွေ ရှိသဖြင့်ဟုဆိုသည်။ ကာလမှာ သျှားဖြူ မျောက်ပလုပ်, သစ်ဆိမ့်တို့ ပေါ်ချိန် ဖြစ်သဖြင့် နေစောင်းသည်နှင့် ချေအပါအဝင် သစ်သီးကြိုက် တောတိရစ္ဆာန်များ ရောက်လာနိုင်သဖြင့် ဖြစ်သည်။ ချေ, စိုင်, ဆတ်များသည် ကြွေကျနေသော သစ်ဆိမ့် မျောက်ပလုပ်နှင့် သျှားဖြူသီးများကို ကောက်စားတတ်ကြသလို အပင်ပေါ်ရှိ အသီးများကိုလည်း ကြွေကျလာစေရန် ပင်စည်ငယ်များကို လည်ပင်းနှင့် တိုးတိုက်၍ ခြွေချတတ်ကြသည်။

ဤသည်ကိုတော့ ရွာမုဆိုးများ ပြောပြ၍ ငယ်စဉ်ကပင် ကျွန်တော် ကြားဖူးထားသည်။ သည်လိုနှင့် ကျွန်တော်တို့ အဖွဲ့သည် နေမွန်းတိမ်းစတွင် ရွာခံမုဆိုး ဦးထော်ကြီး ကြိုတင် ထိုးထားသော နေ့လင့်ပေါ်သို့ တက်လာကြလေသည်။ နေ့လင့်ကို အနီးအနားရှိ သစ်ကိုင်းသစ်ပင်များနှင့် ဖုံးကွယ်ကာထားသဖြင့် တောတိရစ္ဆာန်များ မသိနိုင်ပေ။

လင့်ပေါ်သို့ ရောက်သောအခါ ကျွန်တော် လွယ်လာသော ဓာတ်ဘူးထဲမှ ရေနွေးကြမ်းကို ရေဆာပြေ ခွက်လှည့်သောက်ကြသည်။ ညနေစောင်းတွင် သစ်ဆိမ့်သီး ကောက်စားရန် ရောက်လာကြမည့် ချေနှင့် တောတိရစ္ဆာန်များ

ကို စောင့်ဆိုင်းနေကြသည်။ ဦးထော်ကြီးက သူ့တွက်ကိန်းနှင့်သူ ထိုးထားသော လင့်စင်မှာ လူလေးယောက် အတော် ကျပ်ကျပ်တည်းတည်း ထိုင်ကြရသည်။ ကျွန်တော်တို့ ရောက်နေသော လင့်စင်မှာ သစ်ဆိမ့်သီးများ မှည့်နေသော သစ်ဆိမ့်တောထဲ ဖြစ်သဖြင့် မည်သည့် အပင်အောက်ကို တောတိရစ္ဆာန်တစ်ကောင် ရောက်လာ ရောက်လာ မြင်သာ၍ ပစ်ကွင်းကောင်းသည်။

တောကောင်ကိုစောင့်ကြရင်း ဝန်ထောက်ကြီးနှင့်အတူပါလာသော ရဲသားက ခံတွင်း ချဉ်လာသည်ဆိုပြီး သူ့အိတ်ထဲမှ ကွမ်းတစ်ယာကို ထုတ်ဝါးနေသည်။ လင့်စင်ပေါ်က လေးဘက်လေးတန်ကို လှည့်လှည့်ကြည့်နေသော ရဲတပ်သားသည် ကွမ်းတံတွေးကိုလည်း လင့်အောက်သို့ တဗျစ်ဗျစ် ထွေးချနေသည်။ ဤသည်ကို ဦးထော်ကြီးက မနှစ်မြို့သည့် သဘောနှင့် တစ်ချက်တစ်ချက် ကွက်ကြည့်ကွက်ကြည့် လုပ်နေတတ်သည်။

သို့သော် ဤနေ့မှ တွေ့ကြရသော ရဲတပ်သားကို အားနာ၍လား မသိ၊ ဦးထော်ကြီးက ဘာမှတော့မပြော။ သည်လိုနှင့် သစ်ဆိမ့်တော သစ်ဆိမ့်ပင်အောက်သို့ သားကောင်များ ရောက်အလာကို စောင့်နေကြရာ တစ်နာရီပင်မကြာ၊ ဖြိုးဖြိုးဖြောက်ဖြောက် ရွက်ကြွေခြောက်များ သစ်ရောင်းကိုင်းများကို နင်းလျှောက်လာနေသော ခြေသံများကို ကြားကြရသည်။ ဝန်ထောက်ကြီးသည် မိုးပေါ်ထောင်ကိုင်ထားသော သေနတ်ကို ချက်ချင်းအနေအထား ပြောင်းကိုင်လိုက်သည်။

ဦးထော်ကြီးနှင့် ရဲတပ်သားတို့ကလည်း ဟိုဟိုသည်သည်ကြည့်ရင်း အနေအထား ပြင်လိုက်ကြသည်။ သို့သော် သားကောင်များ ခြေသံကြားရာမှာ တစ်နေရာတည်းက မဟုတ်။ ကျွန်တော့်နားထဲတွင် အရပ်ရှစ်မျက်နှာစလုံးက ကြားလာရသလိုပင်။ ခြေသံတွေကမူ ပို၍ နီးလာသလားထင်ရ၏။

သို့သော် သားကောင်တစ်ကောင် ပေါ်လာသည်ကိုကား မမြင်ရ။ တဖြည်းဖြည်းနှင့် ခြေသံတွေက ဝေးသွားပြီး တစ်တောလုံး တစ်တောင်လုံး တိတ်ဆိတ်သွားသည်။

တိတ်ဆိတ်သွားသည်မှာ ကျေးသံ ငှက်သံ တစ်ကောင်တစ်မြီး မြည်တွန်နေသံကိုပင် မကြားရဘဲ ချောက်ချားစရာ ကောင်းလောက်အောင် တိတ်ဆိတ်သွားသည်။

ဝန်ထောက်ကြီးနှင့် ရဲတပ်သားတို့က "ဘယ့်နှယ်လဲ" ဟူသော သဘောနှင့် ဦးထော်ကြီးကို လက်ကုတ်ကြသည်။ ထိုအချိန်မှာပင် လေကြီး မိုးကြီးကျလာသလို တစ်တောလုံး တစ်တောင်လုံး ဆူညံလာပြန်၏။

ထူးဆန်းသည်မှာ အသံတွေသာ ကြားနေရပြီး သစ်ပင်သစ်ကိုင်းများ လှုပ်ရှားယိမ်းထိုး နေသည်ကိုလည်း လုံးဝမမြင်ကြရ။ အကယ်၍ အမှန်တကယ်သာ လေကြီးမိုးကြီး ကျလာလျှင် တစ်တောလုံး တစ်တောင်လုံးရှိ သစ်ပင်သစ်ကိုင်းတွေ လှုပ်ခါယိမ်းထိုးလာသည်ကို မြင်ကြရမည်။ ယခုမူ သစ်ပင်သစ်ကိုင်းတွေက ပကတိအတိုင်း။

"ဦးထော်ကြီး ဘယ်လိုလဲ၊ လေကြီးမိုးကြီး ကျလာသလို အသံသာကြားရပြီး အပင်တွေ လှုပ်တာယိမ်းယိုင်နေတာလဲ မမြင်ရပါလား"

မနေနိုင်သော ဝန်ထောက်ကြီးက ဦးထော်ကြီးကို တီးတိုးမေး၏။ တော... တောခြောက်တာ ထင်တယ် ဝန်ထောက်မင်း၊ ခဏစောင့်ကြည့်ပါဦး"

ဦးထော်ကြီးက တောခြောက်တာ ထင်တယ် ဆိုသဖြင့် ကျွန်တော် ကျောချမ်းသွားသည်။

ထို့ကြောင့် ကျပ်ကျပ်တည်းတည်း လင့်ပေါ်တွင် တစ်ယောက်နှင့် တစ်ယောက် ပူးကပ်နေနေကြရ သော်လည်း ကျွန်တော့် စိတ်ထဲက မလုံတော့

သဖြင့် ဦးထော်ကြီးနားကို ပိုပြီးကပ်နေလိုက်သည်။ ဦးထော်ကြီးကမူ ဟို ကြည့်သည်ကြည့်နှင့်သာ အသံကြားရာဆီ ငေးနေသည်။

သို့သော် လေကြီးမိုးကြီး ကျလာသံကို ကြားနေရခြင်းမှာလည်း စောစော က ခြေသံများလို အရပ်ရှစ်မျက်နှာက ကြားနေရသဖြင့် လူတွေမှာ ဘယ် ဘက် ကြည့်ရမှန်းမသိ ဖြစ်နေကြသည်။

တန်ခူးလဆန်းကြီး၊ တောကလည်း အောက်ခြေရှင်းပြီး နေရောင်ခြည် ပြိုးပြိုးပြောက်ပြောက်လည်းမြင်နေကြရရာ လူကြီးတွေမှာများစွာ ကြောက်ရွံ့ကြပုံတော့ မရသေး။ ဇဝေဇဝါနှင့်သာ နားစွင့်ငေးနေကြ၏။

မကြာမီ လေကြီးမိုးကြီး ကျလာသံတွေ တိတ်သွားပြန်ပြီး တစ်တောလုံး တစ်တောင်လုံးကို မြူလိုလို မီးခိုးငွေ့လိုလို အခိုးအငွေ့တွေက လေနှင့်လွင့် ပါလာကြပြီး နေရောင်ခြည်ပါ ချက်ချင်း ပျောက်ကွယ်သွားပြန်သည်။

အချိန်မှာ မွန်းတိမ်းခါစသာ ရှိသေးသဖြင့် တစ်တောလုံး တစ်တောင်လုံး ချက်ချင်း မှောင်သွားသည်မှာ အံ့သြစရာပင်။

"ဟင်, ဦးထော်ကြီး၊ ဒါလဲ တောခြောက်တယ် ဆိုတာလားဗျ၊ နေ့ခင်းကြောင်တောင်ကြီး မှောင်သွားလိုက်တာ၊ ဘယ့်နှယ်ဟာတုံး"

"ဒါ ... ဒါ မှိုင်းကျတာပါ ဝန်ထောက်မင်း၊ မှိုင်းကျရင် ဒီလိုပဲ ဖြစ်တတ်ပါ တယ်"

ဦးထော်ကြီးက အသံအုပ်၍ ပြော၏။

"မှိုင်းကျတာ.."

ဝန်ထောက်မင်းပါးစပ်ကလည်း အံ့သြသံ ထွက်လာသည်။

"ဟုတ်မယ်ထင်တယ် ... ဝန်ထောက်မင်း၊ ကျွန်တော် ရှမ်းပြည်နယ်နဲ့ မိုး ကုတ်မှာ တာဝန်နဲ့ ဆယ်နှစ်ကျော် နေခဲ့ဖူးပါတယ်၊ တောထဲတောင်ထဲရယ်

မဟုတ်ပါဘူး၊ သူတို့ဆီမှာတော့ ရွာတွေမြို့တွေမှာလဲ ဒီလိုပဲ မိုးရိပ်လိုလို နှင်းမှုန် တိမ်ရိပ်လိုလိုတွေ အလိပ်လိပ် လွင့်လာကြပြီး မှောင်ကျသွားတတ်တယ်။

အဲဒါကို ရှမ်းပြည်နယ်က လူတွေကတော့ မှိုင်းတိုက်တယ်လို့ ခေါ်ကြတယ်၊ နာရီဝက် တစ်နာရီလောက်ကြာမှ နှင်းမြူရိပ်တွေစင်ပြီး ပြန်လင်းလာတတ်တယ်၊ သူတို့ဆီက တောင်တွေတောတွေ မြင့်သလို ရွာတွေအိမ်တွေကလဲ တောင်ပေါ်တွေမှာ ဆိုတော့ ဒီလို မှိုင်းတိုက်တာ၊ တိမ်စုတွေ ဖြတ်ဖြတ်သွားလို့ မှောင်သွားတာ မကြာမကြာ ကြုံဖူးပါတယ်"

ဝန်ထောက်ကြီးနှင့် ပါလာသော ရဲသားက လေသံ တီးတိုးနှင့် သူ့အတွေ့အကြုံကို ပြောပြသည်။

"အေး, ခင်ဗျားပြောမှ ကျုပ်လဲ သတိရတယ်၊ ဆပ်ကျောင်း ဆင်းပြီးစက ကျုပ်တို့ ခွင့်လဝက်ရတော့ သင်တန်း တစ်ပတ်တည်း တက်ရတဲ့ ဗန်းမောက်က သူငယ်ချင်း တစ်ယောက်နဲ့ ကျုပ် ဗန်းမောက်အလည် လိုက်သွားတယ်၊ မြို့ရဲ့တောင်ဘက် ထင်တာပဲ။

ဘုရားတစ်ဆူရှိတဲ့ တောင်ပေါ် ဘုရားဖူး ရောက်သွားတော့ တိမ်တွေမိုးသားတွေက တောင်အောက် တောင်ချိုင့်ကြားတွေကို အခဲလိုက်အလုံးလိုက် လေနဲ့ ပြေးဝင်လာကြတာ တောင်ပေါ်က ငုံ့ကြည့်ရင် မြင်နေရတယ်ဗျ၊ ကျုပ်တို့ ရောက်နေတဲ့ တောင်ထိပ်မှာတော့ ဘာမိုးရိပ်တိမ်ရိပ်မှ မရှိဘူး၊ ကြည်လင်လို့ နေချစ်ချစ်တောက် ပူလို့ဗျာ၊ ခုလဲ ဒီသဘောမျိုးလား ဟင်၊ ဦးထော်ကြီး"

"ဗျာ, ဝန်ထောက်မင်း"

ဦးထော်ကြီးကမူ ဘာကိုငေးပြီး ဘာကို တွေးနေသည်မသိ။ ဝန်ထောက်ကြီးအမေးကို ထိတ်လန့်သံနှင့် ပြန်မေးလိုက်၏။

"ဩော်, စောစောက ဦးထော်ကြီးပြောတဲ့ မှိုင်းကျတယ်ဆိုတာလားလို့ မေးတာပါ"

"ဟုတ် ဟုတ်ကဲ့၊ ကျွန်တော်ကလဲ အဲဒါမျိုးလားလို့ စဉ်းစားမိလို့ပါ"

"ဟင်, အရင်က ဒီတောမှာ ဒီလိုဟာမျိုးတစ်ခါမှ မဖြစ်ဖူးဘူးလား"

"ကျွန်တော့် တစ်သက်တော့ မကြုံဖူးပါဘူး၊ တောခြောက်တယ် ဆိုတာလဲ အဖေတို့ ငယ်စဉ်ကပဲ ပြောသံကြားဖူးတာပါ"

ယခုတော့ ဦးထော်ကြီးအသံက ပုံမှန်အသံ မဟုတ်သော်လည်း နည်းနည်း ကျယ်လာသည်။

"ဟာ, ဒါဆို ခ ... ဒီတောမှာ အမဲပစ်လို့လဲ ဘယ်ရတော့မလဲနော်၊ ပြန်ကြတာပဲ ကောင်းမယ်ထင်တယ်"

ဝန်ထောက်ကြီးက ဦးထော်ကြီးကို ပြောရင်း သူ့ရဲတပ်သား၏ မျက်နှာဆီသို့လည်း ဆန္ဒယူလိုသည့် သဘော လှမ်းကြည့်သည်။

"ကျွန်တော့်အထင်လဲ အဲ, ပိုပြီးတောင် မှောင်လာသလိုပဲ၊ မှိုင်း ... မှိုင်းကျတာတော့ မဟုတ်ဘူးနဲ့တူတယ်၊ မှိုင်းကျတာ ဒီလောက်အမှောင်ကြီး မဖြစ်ဘူး"

ဤအထက်တောတွင် မလွဲမသွေ သားကောင်ပစ်ရပါစေ့မယ် ... ဟု အာမခံလာခဲ့သော ဦးထော်ကြီး နှုတ်ဆိတ်ငိုင်နေစဉ် ရဲတပ်သားက အချက်ပြလိုက်သဖြင့် ထိုအခါမှ လင့်ပေါ်ရှိ လူအားလုံးမှာ ပတ်ဝန်းကျင် အခြေအနေကို ချက်ချင်း သတိပြုမိသွားကြသည်။

မှန်သည်။ လင့်စင်အောက်ကို ကျွန်တော် ငုံ့ကြည့်မိလိုက်ရာ ရုတ်တရက် လန့်သွားသည်။ သားကောင်ပစ်ရန်ကို မဆိုထားနှင့် လင့်အောက်ကို သားကောင် ရောက်လာလျှင်လည်း ဘယ်လိုမျှ မြင်နိုင်စရာ အကြောင်း မရှိ

တော့။

ဤမျှ မှောင်မိုက်နေသည်ကို ကျွန်တော့်တစ်သက်နှင့် တစ်ကိုယ် တစ်ခါမျှ မကြုံဖူးပေ။ လင့်စင်အောက်နှင့်တကွ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်ကျနေသည်မှာ မိမိတို့ တက်ရောက်နေကြသော လင့်စင်ထိုးထားသည့် သစ်ပင်၏ ပင်စည်ခြေရင်းနှင့် အပေါ်ရှိ သစ်ကိုင်း သစ်ခက်များကိုပင် မမြင်ရတော့။ လဟာပြင် အမှောင်ထုကြီးထဲတွင် လင့်စင်တဲမှာ အတွယ်အတာမရှိ လေထဲတည်နေသလိုပင်။

ထိုအခါမှ ဝန်ထောက်ကြီးနှင့်တကွ အားလုံးမှာ ထိတ်ထိတ်လန့်လန့်ဖြစ်လာကြ၏။

"ဦးထော်ကြီး၊ မှိုင်းတိုက်တာ ကျုပ် ... ကျုပ်အခါခါ ကြုံဖူးပါတယ်၊ 'ဒီလို အမှောင်မျိုး မဟုတ်ဘူးဗျ၊ ဘယ်လိုဖြစ်တာလဲ"

စောစောက ရှမ်းပြည်နယ်တွင် ဆယ်နှစ်ကျော် နေခဲ့ဖူးသည် ဆိုသော ရဲသားကြီးက အသံ ကတုန်ကယင်နှင့် ဦးထော်ကြီးကို မေးသည်။

"ဦးထော်ကြီး ဆရာအောင်သန်း ပြောတာဟုတ် ... ဟင် ... ဟော့"

ဝန်ထောက်ကြီး၏ စကားမဆုံးမီပင် ကျွန်တော်တို့ လင်စင်ပေါ်ရှိ သစ်ပင်ပေါ်က ငှက်ဆိုးတစ်ကောင် "ဂီ.. ဂီ" ဟူသော သံရှည်ဆွဲ ထိုးမြည်လိုက်သံကြောင့် ဝန်ထောက်မင်း၏ စကားက ထိတ်ထိတ်ပျာပျာနှင့် ရပ်သွားပြန်သည်။

"ဝန်ထောက်မင်း ဝန်ထောက်မင်း၊ အကုန်လုံး လက်ချင်း ဆက်ထားကြ၊ လက်ချင်း မြဲမြဲဆုပ်ကိုင်ထားကြ၊ အောက်မှာ ဘာကောင်မြင်မြင် ဘယ်လူမှ မပစ်နဲ့၊ ဝန်ထောက်မင်း သေနတ် ကျွန်တော့်ပေး၊ ကိုယ့်လက်နက် ကိုယ်ဖင်ခုထိုင်ထားကြ"

ချက်ချင်း ဦးထော်ကြီး၏ အထိတ်တလန့် ဆော်ဩလိုက်သံကြောင့် လူတွေမှာလည်း ကြောက်ကြောက်နှင့် တစ်ယောက်လက်တစ်ယောက် ဆုပ်ကိုင်မိပြီးသား ဖြစ်သွားကြသည်။ ဦးထော်ကြီးနှင့် ကျွန်တော်မှာ အနီးဆုံးလူဖြစ်သဖြင့် ဝန်ထောက်ကြီးဆီက သေနတ်ကို ဦးထော်ကြီး လှမ်းဆွဲလိုက်သည်နှင့် ဦးထော်ကြီးသည် ချက်ချင်း မတ်တတ်ထရပ်ကာ ကျွန်တော့်ကိုယ်ပေါ်ကို ခွစီးထားပြီး "လူလေး ဘာမှမကြောက်နဲ့နော်၊ ဘဘ ရှိတယ်"ဟုအော်ပြော၏။

သို့သော် ကျွန်တော့်ကိုသာ မကြောက်နှင့်ဟု ဆိုသော်လည်း ဦးထော်ကြီးကား ကြောက်သေးတွေပင် ကျွန်တော့်ကိုယ်ပေါ် ပန်းချလိုက်ပြီ။

(နောက်မှ သိရသည်မှာ ဦးထော်ကြီးသည် ကျွန်တော်တို့ထဲ၌ အကြီးအမှူးဖြစ်သူ ဝန်ထောက်ကြီး၏ သေနတ်ကို သေးနှင့်ပန်းချလိုက် သည်ဆို၏)

ကျွန်တော်တို့ လင့်စင်ပေါ်မှ တဂီဂီသံရှည်ဆွဲ လာထိုးနေသော ငှက်ဆိုးထိုးသံက ပိုကျယ်လာသည်။ မှောင်လိုက်သည်မှာလည်း ပိန်းပိန်းပိတ်။ လမိုက်ည သန်းခေါင်ယံပင် ဤလောက် မှောင်မည်မထင်။ ည မည်းမျှ မှောင်မှောင် ကြယ်ရောင်တို့ကြောင့် ဤမျှ မမှောင်။ ယခုမူ တစ်ယောက်နှင့်တစ်ယောက် လက်ချင်းကိုယ်ချင်း ပူးနေကြသော်လည်း တစ်ယောက်ကို တစ်ယောက် မမြင်ကြရ။

ဤမျှထိ မှောင်သည်မှာ ချောက်ချားစရာ။

"ဆရာကြီး ခါးက ဓာတ်မီး ကျူပ်ယူမယ်နော်"

ပြောပြောဆိုဆိုနှင့်ပင် ရဲသားကြီးခါးတွင် ချိတ်ထားသော လက်နှိပ်ဓာတ်မီးကို ဦးထော်ကြီး ငုံ့ယူလိုက်သည်။ ရဲတပ်သားကြီးကမူ ယခုအချိန်တွင် လှုပ်ပင်မလှုပ်ရဲဘဲ လင့်တဲပေါ်တွင် ကျောက်ရုပ်လို ဖြစ်နေလိမ့်မည်။ လူကို မမြင်ရသော်လည်း ကျွန်တော့်အား ခွစီးထားသော ဦး

ထော်ကြီး၏ လှုပ်ရှားမှုမှန်သမျှကို ကျွန်တော် သိနေရသည်။ ချက်ချင်း လင့်စင်ပေါ်ရှိ သစ်ပင်ထိပ်ဆီ၌ မီးရောင်တန်းတစ်ခုကို လျှပ်တစ်ပြက် မြင်လိုက်ရသဖြင့် ကျွန်တော့်အား ဦးထော်ကြီး ခွစီးထား၍ လှုပ်မရသော်လည်း လည်စောင်း၍ မီးရောင်ကျရာဆီ ကျွန်တော် လှမ်းကြည့်လိုက်ရာ သစ်ကိုင်း တစ်ကိုင်း၏ အောက်ဘက်ကို တွယ်ကပ်ကုတ်ထားပြီး ခေါင်းကို အောက်သို့ ငုံ့ကြည့်ကာ တဂီဂီ အော်မြည်နေသော ငှက်ဖြူကြီး တစ်ကောင်ကို ဓာတ်မီး ရောင်ထဲတွင် ထင်ထင်ရှားရှားပင် လှမ်းမြင်လိုက်ရလေသည်။

ထိုအချိန်၌ပင် ဦးထော်ကြီးက "မကြောက်ကြနဲ့၊ အောင်ပြီ" ဟူသော အသံနှင့်အတူ ဒိုင်းခနဲ သေနတ်သံတစ်ချက်ကို ဓာတ်မီးရောင် အမှိတ်တွင် ကြားလိုက်ရသည်။

ထို့နောက် တစ်ချက်၊ ထို့နောက် တစ်ချက်။ သေနတ်သံ သုံးချက်အဆုံးတွင် တစ်တောလုံး တစ်တောင်လုံး ဟည်းသံကြီးနှင့်အတူ နေရောင်ခြည်ကိုလည်း သစ်ပင်ကိုင်းခက် ရွက်လက်ရိုးတံများ ကြားမှ ချက်ချင်း ပြန်မြင်လိုက်ရသည်။ ငှက်ဆိုးထိုးသံလည်း ပျောက်သွားကာ တစ်တောလုံး တစ်တောင်လုံးမှာ ကျွန်တော်တို့ လင့်စင်ပေါ် တက်လာကြစဉ်ကလို ကျေးသံ ငှက်သံများနှင့် အားလုံး ရှင်းရှင်းလင်းလင်း ပကတိ တောတစ်တော၏ နေ့မွန်းတိမ်းသမယကို ပြန်မြင်လိုက်ကြရသည်။

ထိုအခါမှ လူလေးယောက်မှာလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မယုံကြည်နိုင်လောက်သော အံ့ဩသံကြီးနှင့် ဝန်ထောက်ကြီးက "တောခြောက်တာဟာ ကြောက်စရာကြီးပါလား ဦးထော်ကြီး" ဟူသော စကားမဆုံးမီ ...

"တောခြောက်တာတင် ဘယ်ကလိမ့်မတုံး ဝန်ထောက်မင်း၊ တောပါဝင်မှောက်တာဗျ၊ တောပါဝင်မှောက်တာ၊ ကံကြီးပေလို့ ဘာမှ မဖြစ်ကြတာ"

ဟုဆိုသည်။

အထက်တောမှ ပြန်ထွက်လာကြ၍ လယ်ကွင်းစ ကျွန်တော်တို့ ကြံခင်းနား အရောက်မှာ ကျွန်တော် မိုးပေါ် မော့ကြည့်လိုက်မိသည်။ အချိန်မှာ မွန်းစောင်းကြီး သုံးနာရီခန့်သာ ရှိသေးလေသည်။

***

## ကျားမရှိကျွန်းက ကျားမသိခွေး

နတ်ကန်ရွာကို လက်သမားလုပ်ရန် သွားရမည်ဖြစ်သော ဦးမောင်ချော သည် နံနက်လေးနာရီကျော်တွင် အိပ်ရာကထသည်။ သူအိပ်ရာကချင်း ခွေး နှစ်ကောင် သုံးကောင် ဟောင်နေကြသံကို ကြားရသည်။ ခွေးဟောင်သံ ကြားနေရသော နေရာမှာ သူတို့ ကျိုပြင်ရွာနှင့် နတ်ကန်ရွာကြားရှိ တော တန်း တံတားနားဘက်က ဖြစ်သည်။

ကျေးလက်တောရွာများ၌ ခွေးဟောင်သံကြားသည်မှာ အဆန်းတကြယ် ကိစ္စ မဟုတ်။

ထို့ကြောင့် ကိုယ်လက်သန့်စင်ပြီး ဓားတစ်စင်းကို ပခုံးထမ်းကာ ဦးမောင် ချော လက်သမားလုပ်ရန် နတ်ကန်ရွာဘက် ထွက်လာသည်။

တောတန်းတံတားနှင့် လှေပြိုင်ချောင်းနား ရောက်လာသောအခါ ခွေး ဟောင်သံက ပိုကျယ်လာသည်။ ခွေးများသည် သားကောင်တစ်ကောင် ကောင်ကို လိုက်ဝိုင်းကိုက်ခဲရန် ကြိုးစားနေကြပုံရသည်။

ထို့ကြောင့် တောတန်းတံတားနား ရောက်သောအခါ အချိန်မှာလည်း ဝေလီဝေလင်း ဖြစ်နေသဖြင့် ခွေးဟောင်ရာဘက် လှမ်းကြည့်လိုက်သည်။ သူထင်သည့်အတိုင်းပင် ခွေးသုံးကောင်သည် သားကောင်တစ်ကောင်ကို လိုက်ကိုက်နေကြသည်။

ဝေလီဝေလင်း အချိန်သာ ရှိသေးသဖြင့် ဂျီ(ချေ)လား၊ ဝက်လား ကွဲကွဲပြားပြားတော့ ခွဲခြား မမြင်ရသေး။ ပိုးတိုးဝါးတားသာ မြင်နေရ၏။

ခွေးသုံးကောင်မှာ တောလိုက်နေကျ ခွေးများဖြစ်ပုံရသည်။ တစ်ကောင်က နောက်ဘက်က သားကောင်တင်ပါးကို ထိုးကိုက်၍ သားကောင်က လိုက်လျှင် ထိုအကောင်က ပြေး၏။ ထိုအခါ နောက်နှစ်ကောင်က သားကောင်၏ တင်ပါး, ခြေထောက်တွေကို ထိုးဟပ် ကိုက်ကြပြန်သည်။ သားကောင်က သူ့တင်ပါး, ခြေထောက်ကို ကိုက်သော ခွေးနှစ်ကောင်ကို တိုက်ခိုက်ရန် ခွေးနှစ်ကောင်ဘက် ခေါင်းလှည့်လိုက်သည်နှင့် စောစောက သူလိုက်ကိုက်၍ ထွက်ပြေးသွားသော ခွေးက သူ့တင်ပါး ခြေထောက်ကို ပြန်ပြေးလာပြီး ခုန်ကိုက်လိုက်ကြပြန်သည်။ သည်လိုနှင့် သားကောင်တစ်ပြန် ခွေးသုံးကောင်တစ်ပြန် ဖြစ်နေကြသည်။

ထိုအခါ ဦးမောင်ချောမှာ မမျှော်လင့်ဘဲ သားကောင်တစ်ကောင်တော့ ရတော့မည် ဟူသော လောဘဇောနှင့် ခွေးသုံးကောင်ကို ပါးစပ်က ရှူးတိုက်ရင်း သားကောင်ရှိရာဆီ ပြေးလိုက်လာသည်။ သားကောင်နား အရောက်မှာ သူ့ခြေလှမ်းက တုံ့ခနဲ ရပ်သွား၏။

အကြောင်းမှာ ခွေးသုံးကောင် လိုက်ကိုက်လိုက်၊ သားကောင်က ကိုက်ရန်လိုက်၍ မနီးမဝေး ထွက်ပြေးသွားလိုက်၊ ပြန်ပြေးလာလိုက်၊ ပြန်ကိုက်လိုက်လုပ်နေကြသော သားကောင်မှာ ကျားဆိုတာများလား ဟု ချက်ချင်းအတွေးပေါက်လိုက်သည်။

ကျားဖြစ်ရမည်ဟု အတွေးပေါက်လိုက် သော်လည်း ဦးမောင်ချောကား ကျားအရှင်ကို တစ်ခါမှမြင်ဖူးသူမဟုတ်။ အမှန်မှာ ဦးမောင်ချောသာ မဟုတ်၊ သူတို့ တစ်ရွာလုံး၊ ပန်းထော်တစ်ကျွန်းလုံးရှိ ရွာများမှ မိန်းမ၊ ယောကျ်ား၊ ကလေးသူငယ်များကား ကျားအရှင်ကို မည်သူမျှ မမြင်ဖူးကြ။

သူတို့ ပန်းထော်ကျွန်းရှိ လူများ ကျားမမြင်ဖူးကြသည်မှာ သူတို့ ကျွန်းတွင် ကျားမရှိသဖြင့် ဖြစ်သည်။ သူတို့ကျွန်းမှာ တောင်ကုတ်ချောင်းဝနှင့် စတု

ကျွန်းကြား ပင်လယ်ထဲတွင် ထီးတည်း တည်နေသောကျွန်း ဖြစ်သည်။ တောင်ကုတ်ဘက်ကမ်းနှင့် ပန်းထော်ကျွန်း ရေလက်ကြားမှာ သုံးလေးမိုင် ဝေးသည်။ လှိုင်းတဝုန်းဝုန်း အမြဲထနေသော ရေလက်ကြားကို ဖြတ်ကာ ဘယ်ကျားမှ ကူးမလာတတ်ကြ။ အကယ်၍ ဤရေလက်ကြားကို ကျားကူး လာပါကလည်း ပန်းထော်ကျွန်း ကမ်းစပ်ကို "ရောက်သည်နှင့် ထိုကျား သည် ခြေကုန်လက်ပန်းကျကာ အမောဆို့ ဟောဟဲတိုက်နေမည်သာ။

ထို့ကြောင့် သူတို့ ပန်းထော်ကျွန်းရှိ ကျိုးပြင်, နတ်ကန်, ပြင်ကြီး, ညောင်ပင်ဆိပ်, တောင်ရင်း, ကျိဝ, ပြည်ဇောပြင် စသည့် ဘယ်ရွာသားကမှ ကျားကိုမမြင်ဖူးကြ။

သို့သော် ကျားဆိုသည်ကို လူပြောသူပြော အရုပ်ကားများ၌သာ မြင်ဖူး ထားသော ဦးမောင်ချောသည် ယခု ခွေးသုံးကောင်နှင့် တစ်ညလုံး ခွေးတစ် ပြန် သူကတစ်ပြန် ဖြစ်နေကြသော အကောင်မှာ မုချကျားပင် ဖြစ်ရမည်ဟု သူက ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့်လည်း ဦးမောင်ချောက ...

"ကျားဗျို့ ... ကျား ကျား.. ကျုပ်တို့ ကျွန်းကို ကျားရောက်နေပြီ"ဟု အသံကုန် အော်လိုက်သည်။

"ကျား"ဟူသော ဦးမောင်ချော အော်နေသံကို ကြားသည်နှင့် ရွာသားကြီး တွေမှာ ရရာလက်နက်ဆွဲ၍ ပြေးထွက်လာကြသည်။

ထိုအချိန်တွင် ကျားနှင့် ခွေးသုံးကောင်မှာလည်း တစ်ညလုံး ကျားတစ်ပြန် ခွေးတစ်ပြန် လိုက်ထားကြ၍ မောပန်းနေကြပြီ။

သို့သော် ဦးမောင်ချော ရှူးတိုက်လိုက်သံနှင့် လူတွေလိုက်လာကြသံကို ကြားသောအခါ ခွေးသုံးကောင်မှာ အားတက်ပြီး ကျားကို အတင်း ဝင်ကိုက်

ကြတော့သည်။ လူနှင့်ခွေးတွေကို ကြောက်သော ကျားက ချက်ချင်း ထွက်ပြေးသွား၏။

ခွေးတွေမှာ နောက်က လိုက်သော်လည်း ကျားကို မမီလိုက်တော့။ ကျားက တံတားအောက် သဲသောင်ကိုဖြတ်ပြီး ပြူးတောထဲ ဝင်ပြေးသွားသည်။ ခွေးသုံးကောင်မှာ မောပန်းနေကြသဖြင့် ကျားပြေးရာနောက်ကို မလိုက်နိုင်ကြတော့ဘဲ လျှာထွက်ပြီး ဆောင့်ကြောင့်ထိုင်ကာ ကျားပြေးရာဘက်ကိုသာ တစ်ချက်တစ်ချက် ကြည့်ကာ ဟောင်နေကြတော့သည်။ သည်လိုနှင့် ကျားလိုက်ရန် ရွာက ထွက်လာကြသူတွေမှာ တချို့က ငှက်ဆင်တောင်ဘက်၊ တချို့က ချောင်းတစ်ဖက်ကမ်း ပြေးလိုက်ကြရင်း စောစောကပင် ကျားကို ဦးဆုံးမြင်လိုက်ရသော ဦးမောင်ချောကတော့ သဲသောင်ပေါ်က ကျားခြေရာ ကြည့်ပြီး ပြေးလိုက်လာရာ ကျားကိုမီလာသည်။

သူက ကျားကို ဓားနှင့်ခုတ်ရန် ရွယ်ရုံရှိသေး ကျားက သူ့ကို ခုန်အုပ်လိုက်ရာ ပခုံးတစ်ဖက်နှင့် ခေါင်းမှာ ကျားကုတ်ခံရပြီး သွေးတွေ ထွက်လာသည်။ ထိုအခါ ဆက်မလိုက်ရဲတော့။

"ဒီမှာဟေး၊ ငါ့ကို ကျားကုတ်တယ်ဟ၊ ကျားကုတ်တယ်၊ ကျား ဒီမှာ ဒီမှာ"ဟု အော်ကာ ပြန်ပြေးလာသည်။ ဦးမောင်ချော အော်သံကြားသောအခါ မှိန်းညိုကြီး ဦးဆောင်လာသော နောက်တစ်ဖွဲ့က ကျားကို ဆက်လိုက်ကြသည်။ တွေ့ပါပြီ။ ဦးမောင်ချောကို ကိုက်ရန် ကြိုးစားသော်လည်း သူ့ကိုယ်ကိုပင် ကောင်းစွာ မထိန်းနိုင်သော ကျားက ဦးမောင်ချောပခုံးနှင့် ခေါင်းကိုကုတ်ပြီး ထွက်ပြေးသွားရာ၊ ယခုအခါ ပြေးပင် မပြေးနိုင်တော့ဘဲ ပြူးတောအစရှိ ချုံပုတ်တစ်ပုတ်ထဲဝင်ကာ ခွေးထိုင်ထိုင်နေသည်။

ရွာကထွက်ပြီး ကျားလိုက်ရန် ပြေးလာကြစဉ်ကမူ ကျားကို အရှင်ရအောင် မည်သို့ဖမ်းမည်။ ကျားကို အရှင်ဖမ်းပြီး တစ်ကျွန်းလုံးရှိ မိန်းမ၊

ယောက်ျား၊ ကလေးသူငယ်များပါ မြင်ဖူးအောင် လှည့်ပြရမည်။ ဘယ့်နှယ် ညာ့နှယ် စသည်ဖြင့် အော်ဟစ်လာကြသော အာကျယ် သူရဲကောင်းများမှာ ခွေးထိုင်ထိုင်ပြီး ကျားက သူတို့ဘက် စိုက်ကြည့်နေသောအခါ အလိုလို ခြေလှမ်းတုံ့သွားကြသည်။

ကျားကြီးမှာ ကျွန်းပတ်ကျားကြီး, ကိုးတောင် ကျားကြီး, နီလာစင်းကြီး မည်သူမျှ ရှေ့မတိုးရဲ ဖြစ်သွားကြသည်။

ထိုအခါ မှိန်းညိုကြီးက လက်ထဲရှိ ဓားကိုချပြီး ခါးတောင်းကို မြှောင် အောင် ကျိုက်လိုက်သည်။ နောက်က ရပ်နေကြသော လူဆယ်ယောက် လောက်ကိုလည်း…

"ကဲ, ငါတော့ ကျားကို ဝင်ဖမ်းတော့မယ်၊ ကျားလည်ပင်းကို ငါ့လက်နဲ့ကို ညှစ်ပြီးဖမ်းမယ်၊ ဒါမှ ဒီကောင့်ကို အရှင်ရမှာ၊ ခု ဒီကောင်ကို ကြည့်ရတာ ယဲ့ယဲ့ပဲ ကျန်တော့တယ်၊ မြစ်ကို ဖြတ်ကူးလာရတာရယ်၊ တစ်ညလုံး ခွေး သုံးကောင်နဲ့ လိုက်တမ်းပြေးတမ်း ကစားထားလို့ သေမလောက် မောနေပြီ၊ ကဲ, ငါ့ကို ကျားကိုက်ရင် မင်းတို့ကူဖို့ အသင့်ပြင်ထားကြ" ဟု ပြောလိုက်ရာ လှံတစ်ချောင်းပါလာသူ အေးချမ်းကြီးက …

"စိတ်ချဗျို့ စိတ်ချ စိတ်ချ၊ ခင်ဗျား အခြေအနေမဟန်ရင် ကျုပ်က လှံနဲ့ထိုး ပြီး ကျားမလှုပ်နိုင်အောင် မြေမှာကို လှံစိုက်ပြီး ဖမ်းပြမယ်" ဟု ပြောသလို ဓားတစ်စင်းပါလာသူ လူလှကြီးကလည်း "စိတ်ချဗျာ၊ ခင်ဗျား ကျားဝင်ဖမ်း လို့ အခြေအနေ မဟန်ရင် ကျုပ်က ချက်ချင်း ကျားကြီးခေါင်းကို ဒီဓားမ တစ်ချက်တည်းနဲ့ အပြတ် ဖြတ်ပစ်လိုက်မယ်"ဟု ကတိပေးကြသည်။

နောက်, လက်ထဲတွင် ခဲပါသူတွေကတော့ ကျားကြီးကို ခဲနှင့် လှမ်းပေါက် နေကြ၏။

"ဟေ့ကောင်တွေ၊ မင်းတို့ ခဲနဲ့လှမ်းပေါက်လို့ ကျားကြီး တောထဲဝင်ပြေး

သွားရင် ပိုအရှာရအဖမ်းရ ခက်ကုန်မယ်၊ ဘယ်သူမှ ခဲနဲ့မပစ်ကြနဲ့တော့၊ ဒီကျားကို ငါ ရအောင်ဖမ်းမယ်"

မှိန်းညိုကြီးမှာ ဗလကောင်းသလို ရွာ၌ရဲစွမ်းသတ္တိအရှိဆုံးလူ ဖြစ်ပြီး မှိန်းညိုကြီး စကားဆိုလျှင် ယုံကြည်ကြသဖြင့် ယခု ကျားကြီးကို ခဲနှင့်လှမ်းထုနေကြသူတွေ အားလုံး အပစ်ရပ်၍ မတ်တတ် ကြည့်နေကြသည်။

လူတွေက ကျားကြီးကို မတ်တတ်ရပ်ကြည့်နေကြသလို ကျားကြီးကလည်း သူတို့ကို စူးစူးစိုက်စိုက် လှမ်းကြည့်နေ၏။ ကျားကြီးနှင့် လူတွေမှာ ဆယ်လံလောက် အကွာ၌ပင် ရင်ဆိုင်တွေ့နေကြပြီ။

"ကဲ, မင်းတို့ အခြေအနေကြည့်ပြီး ငါ့နောက်လိုက်ခဲ့ကြ"ဟု ပြောလည်းပြော၊ ကျားကြီး ခွေးထိုင်ထိုင်နေရာ ရှေ့သို့လည်း မှိန်းညိုကြီး တိုးသွားသည်။ လှံဓားပါသော အေးချမ်းကြီးနှင့် လူလှကြီးတို့က မှိန်းညိုကြီးကို ကူညီနိုင်ရန် အနီးကပ် လိုက်ပါလာကြသည်။ ကျန်လူများကလည်း "ဟေး ဟေး"

ဟု ကြွေးသံပေးကာ နောက်က လိုက်လာကြ၏။ မှိန်းညိုကြီး သူ့အနားရောက်လာသည်နှင့် ကျားကြီးက မှိန်းညိုကြီးကို ခုန်အုပ်သည်။ မှိန်းညိုကြီးကလည်း ဗလအားကိုး ရခိုင်ကျင် သိုင်းကွက်နှင့် ကျားကြီး၏ ချိုင်းနှစ်ဖက်အောက် လက်သွင်းကာ ကျားကြီးကို ဗိုင်းခနဲ ပစ်ချလိုက်နိုင်သည်။ မြေပြင်ပေါ် ပစ်ကျသွားသော ကျားကြီးကို မှိန်းညိုကြီးက လည်ပင်း ညှစ်ဖျစ်ရန် ဝင်လုံးရာ မှိန်းညိုကြီးနှင့် ကျားကြီးတို့ လုံးထွေးနေကြစဉ် အေးချမ်းကြီးက လှံနှင့် ဝင်ထိုး၏။ လူလှကြီးက ဓားနှင့်ဝင်ခုတ်သည်။

အေးချမ်းကြီး လှံရိုးကျိုးသွားသည်။

အေးချမ်းကြီး လှံရိုးကျိုးသွားသည်မှာတော့ မဆန်း။ အေးချမ်းကြီးမှာ "ကျား ... ကျား" ဆို၍သာ ရမိရရာဆွဲချလာရာ လှံမှာ နှစ်ပေါင်းများစွာ

တစ်ခါမှ အသုံးပြုခဲ့ခြင်းမရှိဘဲ ပစ်ထားသောလှံ ဖြစ်သဖြင့် ဆွေးနေသော လှံရိုးကျိုးသွားသည်။ ဓားနှင့် ကျားကိုခုတ်သော လူလှကြီးမှာလည်း မှိန်းညို ကြီးကို ထိမှာစိုးရ၍ ခုတ်ချက်က မထိမိ။ ကျားအရေခွံမှာ ပျော့ပျော့လေး ဖြစ်ရာ သူ့ဓားမတုံးမှာလည်း ကျားရေကိုပင် မပေါက် ဖြစ်သွားသည်။

ကျားကြီးလည်ပင်းကို ညှစ်ပြီး အရှင်ဖမ်းမည်ဆိုသော မှိန်းညိုကြီးမှာ ကျားကြီးနှင့် လုံးထွေး ကြရင်း သူ့ဘယ်ဘက်လက်က ကျားပါးစပ်ထဲဝင် သွားသည်။ သူ့လက်တစ်ဖက် ကျားဝါးခံလိုက်ရမှ အော်ငိုပြီး ထပြေးသည်။

ထိုအခါ အေးချမ်းကြီးနှင့် လူလှကြီးလည်းပြေး၊ ကျားကြီးလည်းပြေး၊ နောက်လူတွေလည်းပြေး၊ ပြေးကြပြန်သည်။

သို့သော် မှိန်းညိုကြီးနှင့် လုံးထွေးသတ်ပုတ်ပြီး ထပြေးသွားသော ကျား ကြီး ပျောက်သွားမှာစိုးသည့် ဗီးဘလန်းနှင့် ဖိုးရွှေတို့ကမူ ကျားကြီးနောက် လိုက်သွားကြသည်။

ကျားကိုက်ခံရပြီး ဦးမောင်ချောနှင့် မှိန်းညိုကြီးတို့ ပြန်ပြေးလာကြတော့မှ လူတွေမှာ ဤကျားကို အရှင်ဖမ်းဆီး၍ မရနိုင်ဆိုသည်ကို သိသွားကြသည်။ ထိုအခါ နတ်ကန်, ညောင်ပင်ဆိပ်ရွာဘက်ရှိ လုံခြုံရေးတပ်ဖွဲ့သို့ အကူအညီ သွားတောင်းကြသည်။ ထိုလုံခြုံရေး အဖွဲ့ဝင်တို့မှာ ကျားပေါသော တောင်စဉ်ဘက်က လာကြရာ သူတို့မှာ ကျားကိုစိတ်မဝင်စား။ ကျားကို လည်း တစ်ခါမှ မပစ်ဖူးကြ။ သို့သော် ပန်းထော်ကျွန်းသားများကို ရှေ့ဆက် ဒုက္ခပေးမည့်အပြင် ယခုလည်း ကျီပြင်ရွာသား နှစ်ဦးကို ကျားကိုက် လွှတ်လိုက်ပြီ ဆိုသောအခါ သူတို့တွင်ပါလာသော ရိုင်ဖယ်သေနတ် တစ် လက်နှင့် စတင်းဂန်းသေနတ် တစ်လက်တို့ကို ရွာလူကြီးအား ပေးကြ သည်။

သူတို့ပေးသော သေနတ်နှစ်လက်မှာ မီးပျက်မောင်းကျိုး လုပ်သေနတ်

တွေ ဖြစ်သဖြင့် ကျားကိုပစ်လျှင် ပခုံးထောက်မပါသော စတင်းဂန်း သေနတ်ကိုတော့ သေရေးရှင်ရေးဖြစ်မှ အသုံးပြုကြရန် မှာကြားလိုက် သည်။ သေနတ်ရသည်ကတော့ ဟုတ်ပါပြီ။

သို့သော် သူတို့ရွာသားတွေမှာ ရွာသူကြီးကအစ မည်သူမျှ သေနတ်မကိုင် ဖူး၊ မပစ်ဖူးကြ။ လုံခြုံရေးအဖွဲ့ဝင်တွေကိုလည်း သူတို့ရွာတွင် သေနတ်ပစ် တတ်သူ မရှိကြောင်း မပြောမိ လိုက်ကြသည်ကို ယခုမှ သတိရကြ တော့သည်။ မည်သို့ လုပ်ကြမည်နည်း။ ထိုကဲ့သို့ အကျပ်ရိုက် နေကြစဉ် ရွာ ဖျားနေဦးကျော်လှက သူ့အိမ်တွင် ဖိုးစုနှင့်ရွှေစု မည်သောတောင်စဉ်ဘက် က မုဆိုးညီအစ်ကိုနှစ်ယောက် ငါးပိငါးခြောက်ဝယ်ရန် ရောက်နေကြ ကြောင်း၊ ထိုမုဆိုးညီအစ်ကို နှစ်ယောက်ကို အကူအညီတောင်းလျှင် ရနိုင် ကြောင်း ပြောသဖြင့် တောင်စဉ် မုဆိုးဖိုးစုနှင့် ရွှေစုတို့ဆီပြေးပြီး အကူအညီ တောင်းကြပြန်သည်။

ဖိုးစုနှင့်ရွှေစုတို့မှာ တောင်ပေါ်သား မုဆိုးတွေ ဖြစ်ကြသဖြင့် သေနတ်ပစ် တတ်ကြသည်။ ချေ ဝက်, ပြောင်,ဆတ်တို့ကိုလည်း အကောင်ပေါင်းများစွာ ပတ်ခတ်ဖူးသူများ ဖြစ်ကြသည်။

သို့သော် ကျားကိုမူ သူတို့လည်းမပစ်ဖူး။ ကျားနှင့်လူမှာ လူမုဆိုးနှင့်တော မုဆိုး ဖြစ်ကြသဖြင့် တစ်ဦးကို တစ်ဦး မသတ်ကောင်း၊ မိမိကစ၍ သစ္စာမ ဖောက်ကောင်း။ ကျားကိုမပစ်ပါရစေနှင့် ဟု တောင်ပေါ်သားပီပီ သစ္စာ စကားချည်း ပြောနေကြရာ ရွာသားကြီးတွေမှာ ကြာလျှင် မုဆိုးညီအစ်ကို နှစ်ယောက်ကို ဒေါသပင် ဖြစ်လာကြသည်။

မနက်ကပင် ဤကျားကိစ္စနှင့် တစ်ရွာလုံး အုတ်အော်သောင်းတင်း ဖြစ်နေ ခဲ့ကြရာ အချိန်မှာလည်း မွန်းတည့်တော့မည်။

"မင်းတို့ ဒီကို ဘာကိစ္စ လာကြတာလဲ"

ရှာသားကြီး တစ်ယောက်က မေးလိုက်၏။

"ကျွန်တော်တို့ ငါးပိ ငါးခြောက် ဝယ်ဖို့ လာကြတာပါ"

"အမှန်တကယ်ပဲနော်၊ အေး, တခြား မရိုးမသား ၊ အဲ ......"

"မဟုတ်ရပါဘူးဗျာ၊ ကျွန်တော့်မိတ်ဆွေတွေက တောင်ပေါ်သား မုဆိုး စစ်စစ်တွေပါ၊ တခြား ဘာအကြံအစည်နဲ့မှ ကျုပ်တို့ ကျွန်းကို လာတာကြ တာ မဟုတ်ပါဘူး"

မုဆိုး ညီအစ်ကိုနှစ်ယောက်ကို အိမ်တည်းခံထားသော အိမ်ရှင် ဦးကျော် လှက. ဝင်ပြော၏။မုဆိုး ညီအစ်ကိုနှစ်ယောက်မှာ မျက်နှာငယ်လေးနှင့် ဖြစ် သွားကြသည်။

အကြောင်းမှာ ခေတ်ကာလအလျောက် ဓားပြတန္တ စသည့် လုယက် တိုက်ခိုက်မှုများလည်း ရှိကြရာ သူတို့နှစ်ယောက်အား ရှာသူရှာသားတွေ တစ်စုံတစ်ခု အထင်အမြင် လွဲမှားကြမှာ စိုးရိမ်သွားကြသည်။

ဤကျွန်းလို ပင်လယ်ထဲက ထီးတည်းကျွန်းတွင် ဧည့်သည်အာဂန္တု တစ် ယောက်ကို ယုံမှားသံသယဖြစ်ပြီး အသေသတ်ကာ ပင်လယ်ထဲ လွှင့်ပစ် လိုက်ကြလျှင်လည်း မည်သူကမျှ လာစစ်ဆေးမေးမြန်းကြမည့် ကာလ မဟုတ်။

ထို့ကြောင့် ရိုးသားသော မုဆိုးညီအစ်ကို နှစ်ယောက်မှာ ပန်းထော်ကျွန်း ကျီပြင်ရှာသားများကို အကြောက်ကြီး ကြောက်လာကြသည်။ အမှန်က ကျီ ပြင်ရှာလူကြီး ကလည်း မုဆိုးညီအစ်ကိုအား ကျားကိစ္စတွင် အသုံးချချင်၍ တမင် စိတ်ဆိုးမာန်ဆိုးဒေါသနှင့် မယုံကြည်သကဲ့သို့ တမင်လုပ်မေးခြင်း ဖြစ်သည်။

"အေး, ဒါဆိုရင်ကောင်းပြီ၊ မင်းတို့လိုချင်တဲ့ ငါးပိငါးခြောက်ကို ပိုက်ဆံ

ပေးဝယ်စရာ မလိုဘူး၊ ငါတို့တစ်ရွာလုံးက စုကောက်ပေးလိုက်မယ်၊ ငါတို့ ရွာကို လာဒုက္ခပေးတဲ့ ကျားပစ်ပေးဖို့တော့ မင်းတို့ မုဆိုးညီအစ်ကို နှစ် ယောက် တာဝန်ပဲ၊ ငါပြောတာမင်းတို့ သဘောပေါက်ပါတယ်နော်"

မုဆိုးညီအစ်ကို နှစ်ယောက်အား ကျားပစ်ပေးဖို့ကိစ္စ ဤသို့ အတင်းအကျပ် ပြောဆိုနေရချိန်တွင် ကျားပျောက်သွားမှာ စိုး၍ ကျား နောက် လိုက်သွားကြသော ဦးဘလန်းနှင့် ဖိုးရွှေတို့ကမူ ကျားနှင့် ရင်ဆိုင် တွေ့နေကြ၏။

ချောင်းဘေး သဲသောင်ကိုဖြတ်ကာ လာကြမှန်းသိသောအခါ ကျားက နောက်ပြန် လှည့်ကြည့်ပြီး ပြူးတောထဲလည်း မဝင်တော့ဘဲ ချောင်း ကမ်းပါးကိုမှီကာ လူနှစ်ယောက်ကိုကြည့်ပြီး ခြိမ်းခြောက် မြည်ဟည်းကာ ရှေ့ဆက်မသွားဘဲ ခွေးထိုင် ထိုင်နေပြန်သည်။ ကျားပျောက်သွားမှာ စိုး၍သာ ကျားနောက် လိုက်လာကြသော်လည်း ဦးဘလန်းနှင့် ဖိုးရွှေတို့မှာ ဦးမောင်ချော၊ မှိန်းညိုကြီးတို့လို ကျားကို ဝင်မလုံးရဲကြတော့။ လူနှစ် ယောက် ကိုက်ထားသောကျားကို ကြောက်ကြောက်နှင့် တစ်ယောက်က စ ကြမ်းပင်ပေါ်၌ ကမန်းကတန်း တက်ပုန်းသည်။

တစ်ယောက်က ဒူးတုန်ပြီး သစ်ပင်ပေါ်ပင်တက်မရ ဖြစ်ကာ သစ်ပင်သုံး ပင်ကြား ဝင်ပုန်း၏။ ထိုအချိန်၌ မုဆိုးညီအစ်ကို နှစ်ယောက်ကလည်း ကျား ပစ်ပေးရန် သဘောတူ၍ ရွာလူအုပ်ကြီးက ဟေးတိုက် လိုက်လာကြသလို၊ ငှက်ဆင်တောင်ဘက် လိုက်သွားကြသော လူတွေကလည်း ရွာသားကြီး တွေ ဟေးတိုက်ကာ လေပြိုင်ချောင်းဘက်သို့ လိုက်သွားကြသံကိုကြားရသ ဖြင့် ထိုဘက်တွင် ကျားတွေ့ထားပြီကို အတပ်သိဖြင့် လေပြိုင်ချောင်းဘက် သို့ အော်ဟစ်လိုက်လာ ကြသည်။

သူတို့သာမဟုတ်၊ နတ်ကန်ရွာမှ ကျားသတင်းကို ကြားသိသော လူအုပ်

ကြီးကလည်း ထိန်းမရ ဖြစ်ကာ ကျားလိုက်ရန် ပြုဆင်းလာကြသလို မိမနိုင် ဖမနိုင် ကလေးများကပါ ကျား မမြင်ဖူး၍ ကျားကြည့်ရန် ရွာနီးချုပ်စပ်တွေ ကပါ လိုက်ပါလာကြပြန်ရာ ကျားဖမ်းအဖွဲ့တို့ ဩသံပေးလိုက် လာကြသံမှာ တစ်ဆယ့်ရှစ် ခေါ်ပဏီတပ်မကြီး ချီတက်လာသလို ဖြစ်သွားသည်။

လူအုပ်ကြီး ဩသံပေး၍ လိုက်လာကြသံကြားသောအခါ သစ်ပင်ပေါ် တက်ပုန်းနေသော ဦးဘလန်းက "ကျားကြီးက ဒီမှာဗျို့ ... ဒီမှာ .... ဒီမှာ ... ဒီမှာ မြန်မြန်လာကြပါ"ဟု ကျားရှိသောနေရာကို လိုက်လာကြသူတွေ သိ အောင် အော်ဟစ်ပြီး ပြောလိုက်၏။ သူ့အနားမှာ လူအော်သံကို ကြားလိုက် သောအခါ မောပန်းနွမ်းလျပြီး ချောင်းကမ်းပါးကို မှီထိုင်နေသော ကျားက သစ်ပင်ပေါ် မော့ကြည့်သည်။

ဦးဘလန်းကလည်း အဆက်မပြတ် အော်ပြောနေရာ ဦးဘလန်းကို ကျား ကြီး မြင်သွား၏။ ထိုအခါ ကျားကြီးသည် ချက်ချင်း ဦးဘလန်း ရှိနေရာ သစ်ပင်ပေါ် ကုတ်ခြစ် တက်လာတော့သည်။

ကျားကြီး သူ့ကိုကိုက်ရန် တက်လာနေသည်ကို မြင်လိုက်ရသောအခါ ဦး ဘလန်းမှာ ငယ်သံပါအောင် အော်လိုက်တော့၏။

"လုပ်ကြပါဦး၊ ကယ်ကြပါဦး၊ ကျုပ်ကိုကိုက်ဖို့ ကျားတက်လာနေပြီ၊ မြန် မြန်လာကြပါ၊ မြန်မြန်လာကြပါ"

ဦးဘလန်းသည် အော်ရင်းက သစ်ပင်ပေါ်မြင့်သထက် မြင့်အောင် အဖျား သို့ တက်လာရာ စကြမ်းပင်မှာ အဖျားထိပ် ညွတ်ကျလာပြီး ဦးဘလန်းမှာ လည်း ပင်စည်ဖျားကို ဖက်ကာ တွဲလောင်းကြီး ဖြစ်နေသည်။ ထိုအခါ ပင်စည်ကို ဖက်တက်လာသော ကျားနှင့် ဦးဘလန်းတို့မှာ မျဉ်းတစ်ဖြောင့် တည်း ဖြစ်နေရာ ကျားကြီးသည် ပင်စည်မှ တစ်ဆင့် ဦးဘလန်းကို ခုန်အုပ် ကိုက်လိုက်သည်။

သို့သော် သစ်ပင်အဖျားကို တွယ်ဖက်ထားသော ဦးဘလန်း ကိုယ်လုံးကို မကိုက်မိဘဲ ကျားနှင့် အနီးဆုံးဖြစ်သော ဦးဘလန်း၏ တံတောင်ဆစ်ကို လာဟပ်ကိုက်မိပြီး ကျားကြီးက အောက်ပြုတ်ကျသွားသည်။ ထိုအခါ ဦးဘလန်းမှာလည်း ပိုပြီး ငယ်သံပါအောင် အော်တော့၏။

"လုပ်ကြပါဦးဗျို့၊ ကျုပ် ... ကျုပ်ကို ကျားကိုက်နေပြီ၊ မြန်မြန်လာကြပါ၊ ကူကြပါ"

စောစောက တစ်ချက်ခုန်ကိုက်သော်လည်း တစ်ညလုံး တစ်နေ့လုံး ခွေးတွေလူတွေနှင့် တိုက်ခိုက် ပြေးလိုက်ထားသော ကျားကြီးမှာ ဟန်ချက်လွဲပြီး ဦးဘလန်း၏ ကုတ်ဖက်ထားသော တံတောင်စွန်းကိုသာ ကိုက်မိခဲ့ရာ ပိုပြီး ဒေါသထွက် မာန်ဖီကာ ဦးဘလန်းကို ကိုက်သတ်ရန် ဒုတိယအကြိမ် စကြမ်းပင်ပေါ်သို့ တွယ်တက်လာပြန်သည်။

ထိုအခါ ဦးဘလန်းမှာလည်း ပိုကြောက်ကာ ပိုအော်ပြန်၏။ ဦးဘလန်းကို အငြိုးကြီးနေသော ကျားကြီးက ပင်စည်မှ နေပြီး ခြေလွတ်လက်လွတ် ဒုတိယအကြိမ် ခုန်အုပ် ကိုက်လိုက်ပြန်သည်။

ဤတစ်ခါမှာလည်း ဦးဘလန်း၏ တွယ်ဖက်ထားသော တံတောင်ဆစ်ကိုသာ ဟပ်ကိုက်မိကာ အောက်သို့ ပြုတ်ကျသွားပြန်သည်။ ထိုအချိန်မှာ မုဆိုးညီအစ်ကိုနှစ်ယောက် ဦးဆောင် လိုက်လာကြသော လူအုပ်ကြီးကလည်း အနားသို့ ရောက်လာကြရာ ကျားကြီးမှာ ဦးဘလန်းကို ဂရုမစိုက်နိုင်တော့ဘဲ လူအုပ်ကြီးဘက်ကိုသာ ငေးကြည့်ပြီး မောမောပန်းပန်းနှင့် ခွေးထိုင်ထိုင်နေပြန်၏။

မုဆိုး ညီအစ်ကိုနှစ်ယောက် ဖြစ်ကြသော ဖိုးစုနှင့်ရွှေစုတို့သည် ကျားကြီးကို မြင်လိုက်ရသော အခါ ပစ်ရန် အနေအထားကို အကဲခတ်လိုက်ကြစဉ် ကျားကြီးလည်း မုဆိုးနံ့ရ၍လားမသိ၊ ချက်ချင်း အနေအထား ပြောင်းလိုက်

သည်။

သူသေကိုယ်သေ တိုက်ခိုက်ကြရတော့မည် ဆိုသည်ကို သိသကဲ့သို့ မောလွှန်း၍ ခွေးထိုင် ထိုင်နေရာမှ နောက်ခြေနှစ်ချောင်းကို မြေတွင် မြဲမြဲကပ်ထားပြီး ခုန်အုပ်ရန် အားယူလိုက်သည်။

ထိုအချိန်မှာပင် သူ့ရှေ့ကို ရိုင်ဖယ်သေနတ်ချိန်၍ တစ်လှမ်းချင်း တက်လာသော မုဆိုးဖိုးစုကို ကျားကြီးက ခုန်အုပ်လိုက်သည်။ နောက်က ပါလာကြသော လူအုပ်ကြီးမှာ ကြောက်လန့်တကြားနှင့် "ဟေး" ဟု အထိတ်တလန့် အော်လိုက်ကြစဉ် ဖိုးစုသေနတ်ကလည်း ဒိုင်းခနဲ အသံထွက်သွားသည်။

ဖိုးစုအား ခုန်အုပ်လိုက်သော ကျားကြီးသည် လေထဲမှ မြေကြီးပေါ် ဝုန်းခနဲ ပြုတ်ကျကာ သဲတောတွင် လူးလိမ့်ပြီး ဆန့်ငင်ဆန့်ငင် ဖြစ်နေသည်။ ဖိုးစုကား မုဆိုးပီပီ ဤကျားကြီး မထနိုင်တော့ပြီ၊ စက္ကန့်ပိုင်းအတွင်းတွင် ဇီဝိန်ကြွေတော့မည်ကို သိသဖြင့် နောက်ထပ်ပင် တစ်ချက် မပစ်တော့ဘဲ ကျားကြီးကို ခဏသာ ငေးကြည့်နေလိုက်၏။ ထိုအချိန်မှာမှ ရွာသူရဲကောင်းများက လှံနှင့် ဝင်ထိုး၊ ဓားနှင့် ဝင်ခုတ်ကြသည်။

သို့သော် ဖိုးစု ပစ်ထည့်လိုက်သော ရိုင်ဖယ်ကျည်တစ်တောင့်မှာ နဖူးက ဝင်ပြီး အမြီးရင်းက ထွက်သွားသဖြင့် ရွာသားများ မထိုးမခုတ်လျှင်လည်း ကျားမှာ သေပြီးသား ဖြစ်လေသည်။

ထိုအခါမှ ကျားမမြင်ဖူးကြသော ပန်းထော်ကျွန်းသားများမှာ ကျားသေကို တဝကြီး ကြည့်ကြသလို၊ ကျားသားကိုလည်း နောက်တစ်ခါ သူတို့ ကျွန်းသို့ ကျားမလာဝံ့အောင် ချက်စားပစ်ကြလေသည်။

***